၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror
Established in 1957

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ စနေနေ့၊ (26-3-2016) (၈၅၁၇)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၂၆**

၂၀၁၆ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ မိုဟာမက် အဗ္ဗဒူလ်ဟာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာဆီနာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၆ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်

**နေပြည်တော် မတ် ၂၅**

၂၀၁၆ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ဂုဏ်ထူးဆောင် ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိမိတို့အစိုးရ တာဝန်ယူခဲ့ရသည့် ငါးနှစ်တာကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်(၂)ရပ်ကို သက်ဆိုင်ရာကဏ္ဍ နှင့် သက်ဆိုင်ရာဌာနအလိုက် ဦးစီးဦးဆောင်ပြုပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည့် စစ်ဘက် နယ်ဘက်မှ ဘွဲ့တံဆိပ်မရရှိကြသေးသော ပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်သည့် အခမ်းအနားဖြစ်ပါကြောင်း။

မိမိတို့အစိုးရသည် နှစ်ပေါင်း(၅၀)ခန့် အဆက်ပြတ်နေခဲ့သည့် ဒီမိုကရေစီစနစ်ကို တိုင်းပြည်တွင် စတင်အကောင်အထည်ဖော်ကြရသည့် အစိုးရအဖွဲ့ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို လမ်းခင်းပေးခဲ့သည်မှာ တပ်မတော်အစိုးရ ဖြစ်ပြီး အကောင်အထည်ဖော်ကြရသူများသည် မိမိတို့ အစိုးရအဖွဲ့အကြီးအကဲများနှင့် တပ်မတော်အကြီးအကဲများ ပင် ဖြစ်ပါကြောင်း။

မိမိတို့တွင် ဒီမိုကရေစီအတွေ့အကြုံအလေ့အကျင့်များ နည်းပါးကြသော်လည်း ပြည်သူများ၏ တူညီသည့် ဆန္ဒနှစ်ရပ်ကို ဖော်ထုတ်ပြီး ထိုဆန္ဒနှစ်ရပ်ကို ရည်မှန်းချက် တာဝန်အဖြစ် ဦးထိပ်ပန်ဆင်ကာ တစိုက်မတ်မတ် ကြိုးပမ်း အကောင်အထည်ဖော် **စာမျက်နှာ ၈ ကော်လံ ၄ သို့**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၆ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမည်စာရင်း အဆိုပြုတင်ပြ

စာမျက်နှာ- ၇



ကြေးမုံစာတည်းရှုထောင့် — ၂၆-၃-၂၀၁၆၊ စနေနေ့

# ဈေးကွက်စီးပွားရေးဖော်ဆောင်

ရန်ကုန်မြို့တွင် စတော့အိတ်ချိန်း ရှယ်ယာရောင်းဝယ်မှု စတင်ဖွင့်လိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ဈေးကွက်စီးပွားရေးစနစ်တွင် သမိုင်းဝင်အလှည့်အပြောင်းတစ်ခုဖြစ်ပြီး မြန်မာ့စီးပွားရေးဦးမော့လာရေးအတွက် အရေးပါသည့် ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ မြန်မာ့စီးပွားရေးစနစ်တွင် လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးလိုက်ခြင်းလည်းဖြစ်သည်။

စတော့ရှယ်ယာဈေးကွက်သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတွင် အဓိကကျသည့် တွန်းအားတစ်ရပ်ဖြစ်သော ကာလရှည်အရင်းအနှီးများ စုစည်းရာ၊ စီးဆင်းရာ ဈေးကွက်တစ်ခုပင်ဖြစ်သည်။ ဖြစ်ထွန်းလာသောဈေးကွက်၌ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်နေသူများ၊ ပါဝင်လိုသူများအနေဖြင့် လေ့လာသင့်၊ နားလည်သင့်သော ဈေးကွက်တစ်ခုဖြစ်သည်။

လက်ရှိတွင် စတော့အိတ်ချိန်းဈေးကွက်မှ အတွေ့အကြုံသစ်ဖြင့် စတင်အချိန်ဖြစ်၍ အနည်းဆုံး ငါးနှစ်ခန့် အချိန်ယူရဦးမည်ဖြစ်ရာ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင် ထားရှိသွားဦးမည်ဟု သိရသည်။ ယခုကဲ့သို့ စီးပွားရေးအလှည့်အပြောင်းတစ်ခုတွင် စီးပွားရေးလုပ်ငန်းများအားလုံး စိတ်ဝင်စားမှုရှိကြပြီး အားတက်သရော ပါဝင်လိုကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

စလျှင်စချင်း အမှားအယွင်းမရှိအောင် ပထမဆုံးစာရင်းဝင်ကုမ္ပဏီအဖြစ် အက်ဖ်အမ်အိုင်ကုမ္ပဏီကို သတ်မှတ်ခဲ့ပြီး ရှယ်ယာရောင်းဝယ်မှုများစတင်လုပ်ကိုင်တော့မည်ဖြစ်သည်။ နောက်ပိုင်းတွင် ကုမ္ပဏီများ ဆက်တိုက်စာရင်းဝင်ရောက်လာမည်ဖြစ်သည်။ ဈေးကွက်မစတင်မီ ယခုနှစ်ဆန်းပိုင်းက အက်ဖ်အမ်အိုင်ကုမ္ပဏီ ရှယ်ယာဈေးမှာ တစ်စုလျှင် ကျပ်သုံးသောင်းခွဲရှိခဲ့သည်။ လက်ရှိတွင် အစုရှယ်ယာရှင်အရေအတွက် ၆၈၀၀ ခန့်ရှိပြီး သီလဝါလီမိတက်တွင်မူ ရှယ်ယာ ၁၆၀၀၀ ကျော်ရှိနေသည်။

အလုပ်မလုပ်ဘဲ ဝင်ငွေရနိုင်သောနည်းလမ်းမှာ စတော့ဈေးကွက်သို့ဝင်ရောက်ကစားခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံလိုသူများက ရှယ်ယာများ၊ ငွေချေးစာချုပ်များကို ဝယ်ယူရင်းနှီးမြှုပ်နှံကာ ၎င်းကုမ္ပဏီအဖွဲ့အစည်းမှပေးဝေသော အမြတ်ဝေစုများ၊ အတိုးအညွှန့်များကို ခံစားနိုင်ကြသဖြင့် အများပြည်သူအတွက် စိတ်ဝင်စားဖွယ်ဖြစ်သည်။ သို့သော် ဈေးကွက်အကြောင်း နားလည်သိရှိထားရန်လိုအပ်သည်။

စတော့ဈေးကွက်သည် ထုတ်ဝေရောင်းချသူနှင့် ဝယ်ယူသူ၊ ရင်းနှီးသူတို့အကြားတွင် ကြားခံအဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်ကာ မျှတသောဈေးနှုန်းများဖြစ်ပေါ်စေရေး၊ ရင်းနှီးမြှုပ်နှံသူတို့အား အကာအကွယ်ပေးရေး၊ ငွေဖြစ်လွယ်မှု မြန်ဆန်စေရေးနှင့် ဈေးကွက်နေရာဖန်တီးပေးရေးစသည့် တာဝန်များကို ထမ်းဆောင်သောလုပ်ငန်းဖြစ်ရာ ပြည်သူများအနေဖြင့်လည်း ယုံကြည်မှုရှိရန်လိုအပ်ပါသည်။

အမှန်တကယ်တွင် စတော့ရှယ်ယာဈေးကွက်သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်စေသော ကြေးမုံပြင်ဖြစ်ပါသည်။ အရှေ့တောင်အာရှဒေသတွင်းနိုင်ငံအများစုတွင် စတော့ရှယ်ယာဈေးကွက်များ ပေါ်ပေါက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံမှပြည်သူများအဖို့ ထိုင်းနိုင်ငံ၏ စတော့ရှယ်ယာဈေးကွက်၏ နေ့စဉ်အတက်၊ အကျကိန်းဂဏန်းများကို ကြည့်ရှု၍ တလွဲငွေကြေးကစားမှုများရှိခဲ့သည်။

ယခုမြန်မာနိုင်ငံတွင် တရားဝင်စတော့ရှယ်ယာဈေးကွက်ကို ထူထောင်လိုက်နိုင်ပြီဖြစ်သည်။ ပြည်သူများအနေဖြင့် ထိုဈေးကွက်တွင် ဝင်ရောက်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်လေ့လာကြရမည်ဖြစ်သကဲ့သို့ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျအကာအကွယ်ပေးနိုင်မည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းပေးထားရန်လည်း လိုအပ်ပေသည်။ ကုမ္ပဏီများ၊ အဖွဲ့အစည်းများဘက်ကလည်း ကောင်းမွန်သော ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်များကိုကျင့်သုံးကာ မိမိတို့အဖွဲ့အစည်း အောင်မြင်ရေး၊ အကျိုးအမြတ်ရရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့မှသာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။ ။

## ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြှင့်တင်ခြင်း အလေးပေးဆောင်ရွက်

**နေပြည်တော် မတ် ၂၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြှင့်တင်ခြင်းကို အလေးပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့သည် အဓိကတာဝန်အရှိဆုံး ဦးဆောင်အဖွဲ့ဖြစ်ပါကြောင်း မတ် ၂၄ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပသော ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ ဗဟိုအဖွဲ့ (၂/၂၀၁၆) အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားခဲ့သည်။

ပထမအကြိမ်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရေး ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ရေး၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတိုးတက်ဖြစ်ထွန်းမှု အခြေအနေများကိုလည်း မှတ်တမ်းတင်ထားပါကြောင်း။


ပြည်ပသို့ သွားရောက်ဆေးကုသမှုများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ ငွေကြေးများ ပြည်ပနိုင်ငံများသို့ ယိုစီးသွားမှုပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီဆေးရုံကြီးများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်ရေးအတွက် အခြေအနေကောင်းများကို လုပ်ထုံးလုပ်နည်းများနှင့် ဖန်တီးပေးရန်လိုအပ်ပါကြောင်း။

ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ၏တီထွင်ဖန်တီးမှု၊ နည်းပညာဆန်းသစ်မှုများကို အသုံးပြုလာနိုင်ပါကြောင်း၊ ပုဂ္ဂလိကအချင်းချင်းသော်လည်းကောင်း၊ အစိုးရ၊ ပုဂ္ဂလိကအနေဖြင့်သော်လည်းကောင်း ကောင်းမွန်သော ပြိုင်ဆိုင်ထိန်းညှိမှုဖြစ်လာစေပြီး ကုသမှုအရည်အသွေး မြင့်မားလာစေနိုင်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဝင်များ၊ အခြား သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်သူများနှင့်ပူးပေါင်း၍ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုအဖွဲ့အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးတင်ပြရာ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသော နှီးနွှယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။ ထို့နောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၅**

ရန်ကုန်(ရွှေဈေး) ၇၈၉၅၀၀ - ၇၈၉၅၀၀ မန္တလေး(ရွှေဈေး) ၇၈၈၅၀၀ - ၇၈၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၄၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၁၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၉ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၅၇. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၆. ၆၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၁၈၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၄၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၁၇၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၇၅. ၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၄. ၁၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၄. ၇၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၇. ၅၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

## ရန်ကုန်မြို့တွင် စတော့အိတ်ချိန်းရောင်းဝယ်မှုစတင် ရှယ်ယာပေါင်း တစ်သိန်းကျော်ရောင်းချခဲ့ရ

**ရန်ကုန် မတ် ၂၅**

ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီဖြစ်သည့် FMI ကုမ္ပဏီ၏ အစုရှယ်ယာများ ရောင်းဝယ်မှုကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ရန်ကုန်စတော့အိတ်ချိန်း၌ ယနေ့စတင် ကျင်းပရာ On-line Trading ဖြင့် ၇၅ ရာခိုင်နှုန်းကျော် ရောင်းဝယ်မှုတွင် KBZSC Securities ကုမ္ပဏီမှ တဆင့် ဝယ်ယူရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်လိုသူများမှာ KBZSC ရုံးချုပ်ရှိရာနေရာသို့ လာရောက်စောင့်ဆိုင်း၍ ဝယ်ယူရောင်းချခဲ့ကြသည်။

ထိုသို့ ဝယ်ယူရောင်းချရာတွင် စတော့ရှယ်ယာများကို တာဝန်ခံရောင်းဝယ်ပေးသည့် Securities ကုမ္ပဏီများက ယနေ့နံနက် ၁၁ နာရီနှင့် မွန်းလွဲ ၁နာရီတွင် တစ်ကြိမ် Online Trading စနစ်ဖြင့် ရောင်းချပေးခဲ့ရာ ရှယ်ယာတစ်စုလျှင် ကျပ် ၃၁၀၀၀ နှုန်းဖြင့် စုစုပေါင်း ရှယ်ယာ ၁၁၂၈၄၅၊ တန်ဘိုးငွေ ကျပ်သန်းပေါင်း ၃၄၉၈ သန်းကျော်တို့ကို ဝယ်ယူရောင်းချသည်။ **(ကြေးမုံ)**

## မန္တလေးတိုင်းဒေသကြီးတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ သုံးနှစ်ကြာ အကောင်အထည်ဖော်မည်

**မန္တလေး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီးရှိ မြင်းခြံ၊ နွားထိုးကြီး၊ မလှိုင်နှင့် တောင်သာလေးမြို့နယ်တွင် HELPAGE INTERNATIONL မှ ဦးစီး၍ လူမှုကာကွယ်စောင့်ရှောက်ရေး စီမံကိန်းကို ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ သုံးနှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဒုတိယ ဌာနေကိုယ်စားလှယ် ဒေါ်ခက်ဖြူက ပြောသည်။

မန္တလေး တိုင်းဒေသကြီးတွင် တစ်မြို့နယ်လျှင် ကျေးရွာ ၃၀ ရွေး၍ အဆိုပါ လေးမြို့နယ်၌ ကျေးရွာ ၁၂၀ ကို ရွေးချယ် အကောင်အထည်ဖော်သွားရန်ရှိကြောင်းနှင့် မြင်းခြံတွင် ရုံးခွဲ ဖွင့်လှစ်ထားပြီးဖြစ်ကာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အခန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နေမှုနှင့် အပူပိုင်းဒေသတွင်ဆောင်ရွက်မည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို သုံးနှစ်ကြာ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ငွေးမြင့်မောင်)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

# မြစ်ရေနည်းချိန်ကာလဖြစ်၍ ရေယာဉ်များ သတ်မှတ်ထားသည့် ရေစူးကန့်သတ်ချက်ကို လိုက်နာမောင်းနှင်ကြရန်လို

**မန္တလေး မတ် ၂၅**

ရေနည်းချိန်ကာလဖြစ်သည့် မတ်၊ ဧပြီလတို့တွင် ဧရာဝတီမြစ်ရေ လျော့နည်းပြီး ရေအနက်မလုံလောက်မှု ဖြစ်နိုင်သည့်အတွက် မြစ်ကြောင်းသွားရေယာဉ်များအားလုံးသတ်မှတ်ရေစူးကို လိုက်နာမောင်းနှင်ကြရန် လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး-၅(မန္တလေး)မှ သိရသည်။

ယခုနှစ်သည် အယ်နီညိုရာသီဥတုဖြစ်စဉ်ရှိ၍ မြစ်ရေနည်းချိန်တွင် ခရီးသည်ရေယာဉ်များ၊ အထူးသဖြင့် ကုန်တင်ရေယာဉ်များအနေဖြင့် ရေလမ်း မပျက်စီးစေရန်နှင့် ရေလမ်းထိန်းသိမ်းကြရန် ရေစူးကန့်သတ်ချက်ထက်ပိုမိုပြီး ကုန်ပစ္စည်းတင်ဆောင်သယ်ယူပို့ဆောင်ခြင်း မပြုသင့်ဟု ဆိုသည်။

“ဌာနက နှစ်စဉ်ရေနည်းချိန်ကာလမှာ ရေစူးကန့်သတ်ချက်တွေ ထုတ်ပြန်တယ်။တချို့နေရာတွေမှာ ရေအနက်မလုံလောက်တာတွေရှိတော့ ရေစူးကန့်သတ်ချက်ထက်ကျော်ပြီး ကုန်မတင်ဖို့၊ ခရီးသည် မတင်ဖို့လိုတယ်။ ရေစူးကန့်သတ်ချက်ထက် ပိုမိုတင်ဆောင်ရင် သောင်တင်မယ်။ သောင်တင်ရင် ရေကြောင်းသွားလာမှု အနှောက်အယှက်ဖြစ်ပြီး ရေကြောင်းလည်း ပိတ်သွားနိုင်တယ်”ဟု ယင်းဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။


ရေယာဉ်များ သွားလာရေး အဆင်ပြေစေရန် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ဌာနမှ တိုင်းဒေသကြီးအတွင်း သစ်ထောင့်ကျွန်း၊ ကျားပါးစပ်၊ ရှမ်းကလေးကျွန်း၊ ရွှေပေါက်ပင်၊ လက်ပံစင်၊ ညောင်ရင်း-ပုလဲတန် ရေလမ်းပိုင်းတို့တွင် အရေးပေါ်သောင်တူးလုပ်ငန်းများကို လည်းကောင်း၊ ရေအောက်ကျောက်များ ဆယ်ယူခြင်းကို မြင်းမူမြို့နယ် ဥယျာဉ်-ကိုင်းပြင် ရေလမ်းပိုင်းတွင် လည်းကောင်း ယခုနှစ်အတွင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

“ရေနည်းချိန်မှာ ရေလမ်းကောင်းဖို့အတွက် အရေးပေါ်သောင်တူးတာတွေ၊ ရေအောက်ကျောက်ဖယ်ရှားတာတွေ လုပ်ပေးခဲ့ပါတယ်။ သတ်မှတ်ထားတဲ့ရေစူး(ဝန်တင် ရေအမှတ်)ထက်ပိုပြီး ဝန်တင်ဆောင်ကာ သွားလာခုတ်မောင်းခြင်းမပြုဖို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေ ပုဒ်မ(၁၈)မှာ ပြဋ္ဌာန်းထားပါတယ်”ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ဧရာဝတီမြစ်-ရေစူးကန့်သတ်ချက်များမှာ မြစ်ကြီးနား -ဆင်ဘိုရေလမ်းပိုင်းတွင် ၂ပေ ၆လက်မ၊ ဗန်းမော်-ကသာရေလမ်းပိုင်းတွင် ၃ပေ ၆ လက်မ၊ ကသာ-မန္တလေး ရေလမ်းပိုင်းတွင် လေးပေ၊ မန္တလေး-ပြည် ရေလမ်းပိုင်းတွင် ငါးပေနှင့် ပြည်-ဟင်္သာတ ရေလမ်းပိုင်းတွင် ၅ပေ ၆လက်မ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေစူးကန့်သတ်ချက်ထက် ကျော်လွန်ကာ ဝန်တင်ဆောင်ခြင်းများ မပြုလုပ်ရန်နှင့် တွေ့ရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



❐ **ကျောဖုံးမှ**

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နေပြည်တော်လေဆိပ်၌ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**



❖ **မြစ်ကြီးနားမှ**

ဆေးခန်း၊ ဘဏ်လုပ်ငန်းများ၊ ဖူဆယ်ဘောလုံးကွင်းများ၊ ကလေးကစားကွင်းများ၊ အစည်းအဝေးခန်းမနှင့် မင်္ဂလာခန်းမအဖြစ် အသုံးပြုနိုင်ရန် ခန်းမကျယ်ကြီးများ ပါဝင်သောကြောင့် မြစ်ကြီးနားမြို့၌ ပထမဦးဆုံးသော နိုင်ငံတကာအဆင့်မီ ကွန်ဒိုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ပေါ်ထွက်လာမည်ဖြစ်ကြောင်း Mr. Zhang Jan (စီမံကိန်းတာဝန်ခံ)၏ ပြောကြားချက်အရ သိရသည်။

**မြင့်ဦး (မြစ်)**

# UEFA ချန်ပီယံလိဂ်ဖလားနှင့်အတူ ရင်ခုန်စိတ်လှုပ်ရှားဖွယ်အစီအစဉ်တွင် ပါဝင်နိုင်

**ရန်ကုန် မတ် ၂၅**

ရန်ကုန်မြို့သို့ရောက်ရှိလာသည့် အာဆင်နယ်ကစားသမားဟောင်း ဖရစ်ဒစ် ယွန်းဘက်အား ကြိုဆိုသည့် အခမ်းအနားကို မတ် ၂၅ ရက်က ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သည်။

ယွန်းဘက်သည် ဆွီဒင်နိုင်ငံသား ဘောလုံးကစားသမားဟောင်း တစ်ဦးဖြစ်ပြီး ဘယ်၊ ညာ တောင်ပံကစားသမားအဖြစ် နှစ်ပေါင်း ၂၀ ကျော် ကစားခဲ့သူဖြစ်သည်။ Halmstads BK မှစ၍ သူ၏ အားကစားသမားဘဝအဖြစ် စတင်ခဲ့ကာ ၎င်း၏ ကစားချိန်အများစုကို အာဆင်နယ်အသင်းနှင့်အတူ ဖြတ်သန်းခဲ့ချိန်တွင် ပရီမီယာလိဂ်မှ ဆုတံဆိပ်နှစ်ခု၊ FA Cups ဆုတံဆိပ် သုံးခုနှင့် အကောင်းဆုံး ဘောလုံးသမားအဖြစ် နှစ်ကြိမ်တိုင်တိုင် နောက်ဆုံးဆန်ခါတင်စာရင်းအထိ ပါဝင်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် အကောင်းဆုံး ဘောလုံးကစားသမားဆု ရရှိခဲ့သည်။


၎င်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲပေါင်း ၆၅ ပွဲနှင့် ဂိုးအရေအတွက် ၁၄ ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ၁၀ စုနှစ် တစ်စုကြာ နိုင်ငံတကာ ဘောလုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ဆွီဒင်နိုင်ငံ ဘောလုံးအသင်း၏ ခေါင်းဆောင် တစ်ဦးလည်းဖြစ်ခဲ့သည်။၂၀၀၈ ခုနှစ် UEFA Euro အားကစားပြိုင်ပွဲများ ကျင်းပပြီးနောက်တွင် နိုင်ငံတကာ ဘောလုံးလောကမှ အနားယူကြောင်း ကြေညာခဲ့သည်။

ယခုအချိန်တွင် ယွန်းဘက်သည် ကမ္ဘာ့ပထမဆုံး ပရိသတ်အခြေပြုဖလားလှည့်လည်သည့်ခရီးစဉ်တွင် သံတမန်အဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

“မြန်မာနိုင်ငံမှ ပရိသတ်တွေနဲ့ တွေ့ဆုံခွင့်ရတာဟာ အလွန်စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ ဒီနိုင်ငံမှာ ဘောလုံးအားကစားကတကယ့်ကို ကျော်ကြားတဲ့ အားကစားဖြစ်တဲ့အတွက် ဘောလုံးချစ် ပရိသတ်တွေအနေနဲ့ သူတို့ရဲ့ သူငယ်ချင်းတွေနဲ့အတူ ပျော်ရွှင်ဆင်နွှဲရတာဟာ ကြီးမားတဲ့ အခွင့်အရေးတစ်ရပ်ပါပဲ” ဟု ၎င်းကပြောသည်။

UEFA ချန်ပီယံလိဂ်ဖလား၊ Fredrik Ljungberg တို့နှင့်အတူ ရင်ခုန်စိတ်လှုပ်ရှား အံ့သြဖွယ်ရာ အစီအစဉ်များကို မတ် ၂၆ ရက် ရွှေထွန့်တင်ကွင်း၌ မွန်းလွဲ ၁ နာရီမှ ည ၁၁ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ Ljungberg နှင့်အတူ ဓာတ်ပုံရိုက်နိုင်မည့် အခွင့်အရေးများစွာအပြင် လက်မှတ်ရေးထိုးခြင်း၊ ပျော်ရွှင်မြူးကြွဖွယ် ဖျော်ဖြေရေးအစီအစဉ်များ၊ ဖလားအား ကိုယ်တိုင်ကိုယ်ကျ ကိုင်တွယ်ကြည့်ရှုနိုင်မည့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကဏ္ဍအပြင် ပရိသတ်တို့၏ ပျော်ရွှင်ဖွယ်လှုပ်ရှားမှု ဗီဒီယိုကို Facebook ပေါ်သို့ မျှဝေနိုင်မည်ဖြစ်သည်။ ပွဲအစီအစဉ်များအားလုံးသည် အသက် (၁၈) နှစ်အထက်သာ ပါဝင်ခွင့် ပြုမည်ဖြစ်ကြောင်း သိရသည်။

**(ခင်ဇာလီ)**



# ရေရှားပါးနေသည့်ကျေးရွာများသို့ ရေသန့်ဘူးများလှူဒါန်း

**တပ်ကုန်း မတ် ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်နိုင်သောကျေးရွာများအနက်မှ အုန်းပင်ကျေးရွာအုပ်စုအတွင်းရှိ အုန်းပင်(ရှ)၊အုန်းပင်(န) ကျေးရွာများသို့ မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသွားရောက်၍ ငွေတောင်တပ်ကုန်း(RO) သောက်ရေသန့်ဘူးများကို တစ်အိမ်ထောင်လျှင် တစ်ဘူးနှုန်းဖြင့် အုန်းပင်(ရှ)ကျေးရွာတွင် ရေသန့်ဘူး ၇၀၊အုန်းပင်(န)ကျေးရွာတွင် ရေသန့်ဘူး ၁၈၀၊ စုစုပေါင်း ရေသန့်ဘူး ၂၅၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# အမေရိကန်နှင့်ရုရှား ဆီးရီးယားတွင် အပြောင်းအလဲဖော်ဆောင်ရန် လိုလား

**မော်စကို မတ် ၂၅**

အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့သည် ဆီးရီးယားနိုင်ငံတွင် ဩဂုတ်လမတိုင်မီ အာဏာအလွှဲအပြောင်းတစ်ရပ်ဖော်ဆောင်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအသစ်တစ်ခုရေး ဆွဲနိုင်ရန် သဘောတူညီခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်နှင့် တွေ့ဆုံပြီးနောက် မတ် ၂၅ ရက်တွင် မော်စကိုမြို့တော်၌ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယားသမ္မတ ဘာရှားအယ်လ် အာဆတ် ရာထူးမှနုတ်ထွက်ပေးရန် တွန်းအားပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ဂျွန်ကယ်ရီက သတင်းထောက်များကို ပြောကြားသည်။ အာဆတ်နုတ်ထွက်ရေးကိစ္စမှာ ဆီးရီးယားပြည်သူများ ဆုံးဖြတ်သင့်သည့် အရေးကိစ္စသာဖြစ်ကြောင်း ရုရှားနိုင်ငံက ခံယူထားသည်။ သို့သော် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အမေရိကန်နှင့် အခိုင်အမာပူးပေါင်းဆောင်ရွက်သွားရန် ရုရှားနိုင်ငံက သဘောတူညီခဲ့သည်။ ဆီးရီးယားနိုင်ငံရှိ အစိုးရဆန့်ကျင်ရေးလက်နက်ကိုင်အဖွဲ့အစည်းများက အာဆတ်နုတ်ထွက်သွားရန် တောင်းဆိုလျက်ရှိကြသည်။



အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး (အိုင်အက်စ်)အဖွဲ့သည် ဆီးရီးယားပြည်တွင်းစစ်တွင် ၎င်း၏ အင်အားကိုတိုးချဲ့ရန် အရေးသာလျက်ရှိသည်။ မတ် ၂၂ ရက်က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့တော်တွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်မှုများအပါအဝင် ဥရောပတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ယင်းအဖွဲ့ကို အပြစ်တင်လျက်ရှိကြသည်။

**အင်န်အိတ်ချ်ကေ။**

# အိန္ဒိယသူလျှိုကိစ္စ ကန့်ကွက်နိုင်ရန် အိန္ဒိယသံအမတ်ကြီးကို ပါကစ္စတန်ဆင့်ခေါ်

**အစ္စလာမ္မာဘတ် မတ် ၂၅**

ပါကစ္စတန်နိုင်ငံအတွင်းသို့ အိန္ဒိယသူလျှိုတစ်ဦး ဥပဒေမဲ့ ဝင်ရောက်ခဲ့မှုနှင့်ပတ်သက်၍ တရားဝင် ကန့်ကွက်နိုင်ရန် ပါကစ္စတန်အစိုးရက အိန္ဒိယ သံအမတ်ကြီးကို ဆင့်ခေါ်ခဲ့ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ မငြိမ်မသက်ဖြစ်ပေါ်နေသော ဘလူချီစတန်ပြည်နယ်အတွင်း အိန္ဒိယ သူလျှိုတစ်ဦးကို မတ် ၂၄ ရက်က ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

အိန္ဒိယသူလျှိုတစ်ဦးကို ဖမ်းဆီးရမိသည်ဟု ပါကစ္စတန်နိုင်ငံ၏ စွပ်စွဲချက်ကြောင့် အဆိုပါနှစ်နိုင်ငံအကြား တင်းမာမှုများဖြစ်ပေါ်လာနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

အိန္ဒိယလေတပ်စခန်းတစ်ခုကို ပါကစ္စတန်အခြေစိုက် စစ်သွေးကြွများက ဇန်နဝါရီလဆန်းက တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်ကြောင့် နှစ်နိုင်ငံတင်းမာမှုဖြစ်ပွားခဲ့ပြီးနောက် သူလျှိုလုပ်မှုအရှုပ်တော်ပုံပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုအတွင်း အိန္ဒိယစစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့ရသည်။

အိန္ဒိယပြည်ပထောက်လှမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးကို ဘလူချီစတန်ပြည်နယ်၌ ဖမ်းဆီးရမိခဲ့သည်ဟု ပါကစ္စတန်အစိုးရက ပြောကြားသည်။ ယင်းပြည်နယ်၌ ခွဲထွက်ရေးလှုပ်ရှားသူများအား အိန္ဒိယက ထောက်ခံအားပေးနေကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

# အကြမ်းဖက်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ဥရောပသမဂ္ဂ အထူးအစည်းအဝေးတွင် သဘောတူ

ဘရပ်ဆယ် မတ် ၂၅

**ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် စွမ်းရည်မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံများက ကတိပြုလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။**



ဘရပ်ဆယ်မြို့၌ မတ် ၂၄ ရက်က ကျင်းပသော တရားရေးနှင့် လုံခြုံရေးဆိုင်ရာဝန်ကြီးများ၏ အထူးအစည်းအဝေးတွင် အထက်ပါအတိုင်း ကတိပြုကြခြင်းဖြစ်သည်။ ဘရပ်ဆယ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီးနောက် နှစ်ရက်အကြာတွင် အဆိုပါအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။ ဘရပ်ဆယ်မြို့ရှိ လေဆိပ်နှင့် မြေအောက်ရထားဘူတာရုံတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာတွင် လူပေါင်း ၃၁ ဦးထက် မနည်းသေဆုံးခဲ့ရသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများသည် ဘယ်လ်ဂျီယံနိုင်ငံနှင့် သွေးစည်းညီညွတ်မှုပြသရန် ရည်ရွယ်လျက် အထူးအစည်းအဝေးကို ကျင်းပခဲ့သည်။ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ပြဿနာရပ်များကို ဆွေးနွေးခဲ့ကြပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများအားရေးဆွဲကာ အတည်ပြုပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်ကို လျင်မြန်စွာအကောင်အထည်ဖော်ကြရန် သဘောတူညီခဲ့ကြသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်မှုလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြသည်။

**ဆင်ဟွာ။**

# အမေရိကန်ပိတ်ဆို့မှုရှိသည့်တိုင်အောင် ဒုံးကျည်အစီအစဉ် အီရန်မြှင့်တင်မည်ဟုဆို

**တီဟီရန် မတ် ၂၅**

အီရန်နိုင်ငံသည် အမေရိကန်၏ပိတ်ဆို့မှုများရှိနေသည့်တိုင် နိုင်ငံတော်၏ ဒုံးလက်နက်စွမ်းပကား မြှင့်တင်နိုင်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟူစိန်ဂျဘာ အန်ဆာရီက ပြောကြားလိုက်သည်။

အီရန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားများကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်လျက်အမေရိကန်ကပိတ်ဆို့မှုအသစ်များ ပြုလုပ်ရန်စီစဉ်လျက်ရှိချိန်တွင် အီရန်တာဝန်ရှိသူက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အီရန် သမ္မတဟာဆန်ရူဟာနီ၏ ညွှန်ကြားချက်နှင့်အညီ မိမိတို့နိုင်ငံ၏ ကာကွယ်ရေးအစီအစဉ်အား တန်ပြန်ချေဖျက်မည့် အမေရိကန်၏အစီအစဉ်မှန်သမျှကို ပြန်လည်တုံ့ပြန်သွားမည်ဖြစ်ကြောင်း အန်ဆာရီ၏ပြောကြားချက်ကို ကိုးကားလျက် နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။ ဒေသဆိုင်ရာ အခြေအနေအရ လုံခြုံရေးနှင့်တည်ငြိမ်မှု ထိန်းသိမ်းနိုင်ရေးမှာ မိမိတို့နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားမြင့်မားမှုအပေါ် တည်မှီနေကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံ၏ဒုံးကျည်အစီအစဉ်သည် ငြိမ်းချမ်းသော ရည်ရွယ်ချက်များနှင့် အညီအညွတ်ဖြစ်ကြောင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာပိုင်စိုးရေး၊ ပိုင်နက်နယ်မြေ မပြိုကွဲရေးတို့အတွက် ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရန်လိုအပ်ကြောင်း အန်ဆာရီ၏ ပြောကြားချက်ကို ကိုးကားလျက် ပရက်စ်တီဗွီသတင်းဌာနက သတင်းထုတ်ပြန်သည်။

**ဆင်ဟွာ။**

# အာရှအခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှုဘဏ်အဖွဲ့ဝင်ဖြစ်ရေး နိုင်ငံပေါင်း ၃၀ စောင့်ဆိုင်းလျက်ရှိ

ဘိုအောက(ဟိုင်နန်ကျွန်း) မတ် ၂၅

**အာရှအခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) ၏အဖွဲ့ဝင်ဖြစ်ရန် စောင့်ဆိုင်းနေကြသည့်နိုင်ငံပေါင်း ၃၀ ခန့်ရှိသည်ဟု အဆိုပါဘဏ်ဥက္ကဋ္ဌက မတ် ၂၅ ရက်တွင် ပြောကြားသည်။**




အာရှအခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှုဘဏ်ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

အာရှ အခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) ကို နိုင်ငံပေါင်း ၅၇ နိုင်ငံဖြင့် ဖွဲ့စည်းထားသည်။ နောက်ထပ်အဖွဲ့ဝင်နိုင်ငံများကို ယခုနှစ်ကုန်ပိုင်းထိ ထပ်မံခေါ်ယူမည်ဖြစ်ကြောင်း ဘဏ်ဥက္ကဋ္ဌ ဂျင်လီကွန်က ဘိုအော် အာရှဖိုရမ်တွင် ထုတ်ဖော် ပြောကြားခဲ့သည်။

အကျိုးအမြတ် ဗဟိုမပြုသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တစ်ခုဖြစ်သော အာရှအခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှုဘဏ်ကို တရုတ်နိုင်ငံက လွန်ခဲ့သော ဒီဇင်ဘာလတွင် စတင်တည်ထောင်ခဲ့ပြီး ဇန်နဝါရီလတွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်။

ယင်းဘဏ်၏ကနဦးစီမံကိန်းများကို ယခုနှစ်လယ်ပိုင်းမှစ၍ စတင်အကောင်အထည်ဖော်မည် ဖြစ်သည်။

လက်ရှိစီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတစ်နိုင်ငံချင်းစီ၏ အခြေခံအဆောက်အအုံများ အပါအဝင် အခြားသောလိုအပ်ချက်များကို အပြည့်အဝပံ့ပိုးပေးရန် မဖြစ်နိုင်ပေ။ အာရှ အခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှုဘဏ်အနေဖြင့် ယင်းလိုအပ်ချက်များကို ပံ့ပိုးကူညီနိုင်မည်ဟု မျှော်လင့်ရကြောင်း ဘဏ်ဥက္ကဋ္ဌ ဂျင်က ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ။**

# ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်တွင် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီးဖွင့်လှစ်

**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် သစ်တိုင်းကျေးရွာအနီး သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဆေးရုံ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ မြင့်ဟန်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ စိုးလွင်ငြိမ်းတို့က ဆေးရုံအဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ဆေးရုံအထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ဆိုင်းဘုတ်ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူလူထုအတွင်း ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊ မွေးဖွားရန်နှင့် မီးယပ်ရောဂါများကို ခေတ်မီစက်ကိရိယာပစ္စည်းများဖြင့် ထိရောက်စွာ ကုသပေးနိုင်ရန် လိုအပ်လာသည့်အတွက် အထူးကုဆေးရုံတစ်ရုံ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

ရန်ကုန်နှင့် မန္တလေးမြို့ကြီးတို့တွင်လည်း ထိုကဲ့သို့ သားဖွားမီးယပ် အထူးကု ဆေးရုံတစ်ရုံစီထားရှိကာ ကုသပေးလျက် ရှိပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် မြန်မာနိုင်ငံအလယ်ပိုင်း အချက်အချာကျသော နေရာတွင် တည်ရှိခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ကြောင့် နီးစပ်ရာဒေသမှ ပြည်သူများအနေဖြင့် ကိုယ်ဝန်စောင့်ရှောက်ခြင်း၊ မွေးဖွားခြင်းနှင့် မီးယပ်ရောဂါများကိုလည်း လာရောက်ကုသနိုင်မည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ သားဖွား၊ မီးယပ်ရောဂါ အထူးကုဆေးရုံကြီး ဖွင့်လှစ်နိုင်ခြင်းဖြင့် သားဖွားနှင့် မီးယပ်ရောဂါများအတွက် သီးသန့်ကုသပေးနိုင်မည်ဖြစ်ပြီး ကာကွယ်ကုသ၍ရသည့် ရောဂါများကို အချိန်မီ ပိုမိုထိရောက်စွာ ကုသပေးနိုင်မည်ဖြစ်သည့်အပြင် နောက်ဆက်တွဲ အကျိုးဆက်များ လျော့ကျသွားစေရန်လည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ၎င်းအပြင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အထူးကုဆေးရုံကြီးများ၏ Workload ကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း။

ကုသမှုအရည်အသွေး မြင့်လာစေရေးအတွက် အထူးကုဆေးရုံကြီး အဆင့်နှင့်လျော်ညီစွာ အဆင့်မြင့်စက်ကိရိယာများထားရှိပြီး တပ်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စေတနာနှင့်အညီ တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ဤဆေးရုံကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထု အားကိုးယုံကြည်ရသည့် ဆေးရုံကြီးဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။**(အပေါ်ပုံ)**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ ဆေးရုံ ၁၁၉၀ အထိ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယနေ့ဖွင့်လှစ်လိုက်သည့် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီးသည် ပြည်ထောင်စုနယ်မြေအတွင်း ဖွင့်လှစ်သည့် လေးခုမြောက် အထူးကုဆေးရုံတစ်ရုံဖြစ်သည်။

**(သတင်းစဉ်)**

# စက်ရေတွင်းတူးဖော်အောင်မြင်၊ စက်စက်ယိုဝန်းကျင်ရေပေးဝေမည်

**နေပြည်တော် မတ် ၂၅**

မြန်မာနိုင်ငံ ဒေသအနှံ့အပြားရှိ ရေရှားပါးသော ဒေသများတွင် အဝီစိစက်ရေတွင်းများ တူးဖော်လှူဒါန်းပေးခြင်း၊ ရေရှားပါးသည့် ဒေသအရောက် ရေဖြန့်ဝေသယ်ဆောင်လှူဒါန်းပေးခြင်းနှင့် ရေကန်များ၊ ဆည်များပြန်လည်ပြုပြင်ပေးခြင်း စသည့် ကဏ္ဍသုံးရပ်ကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက စနစ်တကျဆောင်ရွက်လျက်ရှိပြီး ယခုအခါ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စက်စက်ယိုရွာအတွက် ကျော်သူပရဟိတကွန်ရက်အဖွဲ့နှင့် ပူးပေါင်း၍ စက်ရေတွင်း တူးဖော်လျက်ရှိကြောင်း သိရသည်။



မတ် ၂၃ ရက်တွင် တစ်နာရီ ရေဂါလန် ၁၅၀၀ ဖြင့် စက်ရေတွင်း တူးဖော်မှုအောင်မြင်ခဲ့သည့်အပြင် ကျော်သူပရဟိတကွန်ရက်အဖွဲ့၏ ဦးစီးမှု၊ ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၂၅၀၀ကျော် ကမကထပြုလှူဒါန်းမှုတို့ဖြင့် အဆိုပါဒေသရှိ မကျီးရွှေကူကန်တော်ကြီးဆည် တူးဖော်ရေး စီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိရာ ဆည်ကြီးပြီးမြောက်အောင်မြင်ပါက ရေဂါလန်ပေါင်း ၁၄သိန်း သိုလှောင်ထိန်းသိမ်း ထားနိုင်မည်ဖြစ်ပြီး စက်စက်ယိုကျေးရွာအနီးရှိ ရွာကြီးငါးရွာအား ရေများ မျှဝေပေးသွားနိုင်မည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာ၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာနှင့် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ ကျေးရွာတစ်ရွာတို့အတွက် စက်ရေတွင်းများတူးဖော်ခြင်း၊ အုတ်ရေလှောင်ကန်များ ဆောက်လုပ်လှူဒါန်းခြင်း၊ အင်ဂျင်စက်၊ လေမှုတ်စက်များ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း အနေဖြင့် နိုင်ငံတစ်ဝန်းတွင် စက်ရေတွင်းပေါင်း ၆၆ တွင်းကို တူးဖော်၍လည်းကောင်း၊ ရေသယ်ယာဉ်များကိုလည်းကောင်း လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

❐

# ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၅**

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက် ဒုတိယနေ့၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၁ ဌာနတွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၇၆၈၁ ပါးအနက် ၁၃၃၁၂ ပါးဖြေဆိုကြသဖြင့် ၇၅ ဒသမ ၂၉ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၆**

၂၀၁၆ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဗ္ဗုလ်ဟာဆန် မာမွတ် အလီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးမြင့်စိုးအား ကမ္ဘောဒီးယားသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မတ် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဂျီနီဗာမြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးမြင့်စိုးအား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# သံအမတ်ဦးအောင်ထူးအား အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မတ် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး ဗန်ကောက်မြို့မှ သံအမတ်ဦးအောင်ထူးအား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# မြစိမ်းရောင်ကျေးရွာ ကော်မတီအသစ်ရွေးချယ်

**မှော်ဘီ မတ် ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဦးနှင့်အဖွဲ့သည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိထားသော အထယုကျေးရွာမှ ကော်မတီဝင်များ နုတ်ထွက်၍ အသစ်ပြန်လည်ဖွဲ့စည်းရန်ဆောင်ရွက်ခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများက ရွာလုံးကျွတ်ဆန္ဒမဲဖြင့် ကော်မတီအသစ်ကို ပြန်လည်ရွေးချယ်ခဲ့ကြောင်း သိရသည်။

**(မှော်ဘီကျေးလက်)**

# ကန်ကြီးထောင့်မြို့မဈေး ရှို့မီးအား အချိန်မီ ငြိမ်းသတ်နိုင်

**ကန်ကြီးထောင့် မတ် ၂၅**

ကန်ကြီးထောင့်မြို့မဈေးဆိုင်ခန်း အမှတ်(B3) ဦးဟန်စိန်၏ အပ်ချုပ်ဆိုင်ရှေ့တွင် မတ် ၂၄ ရက် မွန်းလွဲ ၁နာရီက ရေသန့်ဘူးအတွင်း ဒီဇယ်ဆီထည့်ကာ မီးရှို့ထားကြောင်း စစ်ဆေးတွေ့ရှိရပြီး အဖွဲ့ဈေးလုံခြုံရေးဝန်ထမ်းက အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးရှို့ထားမှုနှင့်ပတ်သက်၍ အဖွဲ့ဈေးအတွင်း မီးလောင်ဆုံးရှုံးမှု မရှိခဲ့ဘဲ ကန်ကြီးထောင့်ရဲစခန်းသို့ လုံခြုံရေးအတွက် လှည့်ကင်းများ ပိုမိုဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

"တို့တပ်မတော်စတင်ဖွဲ့စည်းကတည်းက လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဆိုပြီး နိုင်ငံတော်လွတ်လပ်ရေးအတွက် အဓိက တိုက်ပွဲဝင်ခဲ့ကြသည်။ တပ်မတော်သည် နိုင်ငံတော်အတွက် ဖြစ်ရမယ်ဆိုတဲ့ တိုင်းပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်နဲ့ ဆောင်ရွက်ခဲ့ကြတာဖြစ်တယ်။ နိုင်ငံတော်ဟာ ဘယ်အချိန်ကမှ တပ်မတော်အတွက် မဖြစ်ခဲ့သလို နောင်လည်းဘယ်တော့မှ ဖြစ်မှာမဟုတ်ကြောင်း ပြောကြားလိုတယ်။"

ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်(တပ်မတော်ကာကွယ်ရေးဦးစီးချုပ်)
(၆၈-နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမိန့်ခွန်းမှ)

# ပြည်သူ့အတွက် တပ်မတော်၊ မျိုးချစ်တို့တပ်မတော်

*ဗိုလ်လှိုင်ဘိုဘိုအောင်(ဆေး)၊ (စာပေဗိမာန်စာမူဆုရ)*




တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းမှန်ကန်နေကြောင်းကို မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းကို ကြည့်လျှင် အခိုင်အမာတွေ့ရမည်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ယနေ့အချိန်အထိ မပြိုမကွဲစည်းလုံးညီညွတ်စွာ အတူတကွယှဉ်တွဲနေထိုင်နိုင်ရခြင်းမှာလည်း တပ်မတော်၏ အမျိုးသားနိုင်ငံရေးဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကြောင့်ပဲဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းကို လေ့လာလျှင် တပ်မတော်၏ အခန်းကဏ္ဍကို ချန်လှပ်ထားခဲ့၍ မဖြစ်သလို၊ တပ်မတော်၏အခန်းကဏ္ဍကို လေ့လာလျှင်လည်း မြန်မာနိုင်ငံ၏သမိုင်းကို ယှဉ်တွဲလေ့လာရမည်ဖြစ်သည်။

နိုင်ငံတော်၏ ကာကွယ်ရေးအင်အားကို ခိုင်မာအောင်တည်ဆောက်နိုင်ခဲ့သည့် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့လက်ထက်တွင် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများကပါ လေးစားရသည်အထိ ဖြစ်ခဲ့ရသည်။ စနစ်တကျဖွဲ့စည်းထားသည့် တိုက်ခိုက်ရေးအင်အားမရှိသော အချိန်ကာလများတွင် တိုင်းတစ်ပါးနိုင်ငံများ၏ ကျူးကျော်စစ်ဆင်နွှဲခြင်းကို အကြိမ်ကြိမ်ခံခဲ့ရပြီး ရှုံးနိမ့်ခဲ့ရသည်ကိုလည်း မြန်မာ့သမိုင်းတွင် အထင်အရှားတွေ့နိုင်ပါသည်။ တိုင်းရင်းသားပြည်သူများစည်းလုံးညီညွတ်မှုပျက်ပြားနေခြင်း၊ ခေတ်မီတပ်မတော်မရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့လက်အောက်သို့ကျရောက်၍ သူ့ကျွန်ဖြစ်ခဲ့ပါသည်။

**သိယ်တန်ဆောင်၊ ဘုန်းတော်မှောင်၍**
**ကုန်းဘောင်နေမီး၊ မထိန်ညီးက**
**တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်**
**ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည**
**သုဉ်းသုံးဝဖြင့် ၊ သုဉ်းရပြန်လစ်**
**သုညခေတ်ဝယ်၊ ဖြစ်လာရလေ**
**တို့တစ်တွေသည်၊**
**သေသော်မှတည့်၊ ဩော် ကောင်း၏။**

ဟူသည့် ဆီးဘန်နီဆရာတော်၏ သံဝေဂကဗျာကို ဦးထိပ်ပန်ဆင်ပြီး မျိုးချစ်စိတ်ဓာတ်ထက်သန်ကြသည့် မြန်မာတိုင်းရင်းသားများသည် နယ်ချဲ့အင်္ဂလိပ်ကို ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ခဲ့ကြသည်။ သို့သော် တိုင်းရင်းသားပြည်သူများ အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့ရပြီး စိတ်ရောကိုယ်ပါ ဆင်းရဲခဲ့ကြသည်။ နယ်ချဲ့များမှာမူ နှစ်ပေါင်း ၁၀၀နီးပါးနှစ်ရှည်ကြာ ကျွန်ပြုအုပ်ချုပ်ခဲ့ကြသည်။ အကြောင်းအရင်းမှာ ထိုအချိန်ထိုအခါနှင့်အညီ နိုင်ငံတော်ကို ကာကွယ်နိုင်သည့် ခေတ်မီတပ်မတော်မရှိခဲ့သည်ကြောင့် ဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်ကိုစုစည်း၍ ဂျပန်နိုင်ငံမှာ စစ်ပညာသင်ကြားစေပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အစပြုဖွဲ့စည်းခဲ့သည်။ ထို့နောက် တပ်မတော်ကို အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်ဂျပန်တို့ကို တိုက်ထုတ်နိုင်ခဲ့ပါသည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် ရက်စက်ကြမ်းကြုတ်လှသည့် ဖက်ဆစ်ဝါဒကို မြန်မာ့တပ်မတော်မှ အပြီးတိုင်ချေမှုန်းနိုင်ခဲ့သည့် အောင်ပွဲများအစပြုသည့်နေ့တစ်နေ့ဖြစ်ပါသည်။

တပ်မတော်၏ ဦးဆောင်မှု၊ ရဲဝံ့စွာ တိုက်ပွဲဝင်မှု၊ တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်မှုတွေကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ပါသည်။ အချုပ်အခြာအာဏာတည်မြဲမှုမရှိသည့် ကာလများတွင် မြန်မာတိုင်းရင်းသားများ ဒုက္ခဆင်းရဲရောက်ရပုံကို လွတ်လပ်ရေးကြိုးပမ်းမှုကာလများက သက်သေခံလျက်ရှိပါသည်။

နယ်ချဲ့များ၏ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုပျက်ပြားအောင် စနစ်တကျ သွေးခွဲအုပ်ချုပ်မှုများကြောင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးသော်လည်း စစ်၏အငွေ့အရိပ်များကင်းစင်ခြင်းမရှိခဲ့ပါ။ တိုင်းရင်းသားများအကြား သံသယများ၊ မယုံကြည်မှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ပြီး တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်ကြုံတွေ့ခဲ့ချိန်တွင် တပ်မတော်မှ မျိုးချစ်စိတ်အပြည့်ဖြင့် တိုင်းပြည်ကိုကာကွယ်စောင့်ရှောက်ခဲ့သည်။ တပ်မတော်သည် အိမ်နီးချင်းနိုင်ငံများ၏ သွေးတိုးစမ်းကျူးကျော်မှုများ၊ ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်များကို အသက်၊ သွေးချွေးများစွာပေးဆပ်၍ နိုင်ငံတော်အတွက် တိုက်ပွဲဝင်ခဲ့ကြပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားချိန်တွင် တိုင်းပြည်အတွက် ကောင်းကျိုးဖြစ်ထွန်းခြင်းမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်း၊ တိုင်းပြည်ပြိုကွဲသွားနိုင်ခြင်း စသည့်အန္တရာယ်များရှိခဲ့သည်ကို လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၏သမိုင်းကို လေ့လာကြည့်လျှင် အထင်အရှားတွေ့ရမည်ဖြစ်သည်။

အနောက်နိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်များ၊ ခါတော်မီနိုင်ငံရေးသမားများကြောင့် ဖြစ်ပေါ်ခဲ့သည့် မင်းမဲ့ဆန်ဆန်ဆူပူလှုပ်ရှားမှုများကြောင့် တိုင်းပြည်ပြိုကွဲတော့မည့် အခြေအနေများတွင်လည်း တပ်မတော်မှပါဝင်ပတ်သက်ကာ တိုင်းပြည်၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ဒီမိုကရေစီစနစ်စတင်ကျင့်သုံးခဲ့ကြသော်လည်း ဒီမိုကရေစီအလေ့အကျင့်မခိုင်မာသေးချိန်တွင် နိုင်ငံရေးဝါဒများကွဲပြားခြင်း၊ လူပုဂ္ဂိုလ်ရေးကိုးကွယ်ဆည်းကပ်မှုများကြောင့် ပါတီများကွဲခြင်း၊ မညီမညွတ်ဖြစ်ခြင်းတို့ကြောင့် နိုင်ငံရေးပဋိပက္ခများဖြစ်ပေါ်ခဲ့ကြသည်။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်သည် အမျိုးသားနိုင်ငံရေးကိုလည်း ဦးဆောင်ဆောင်ရွက်ခဲ့ပါသည်။

တပ်မတော်သည် နိုင်ငံ၏လိုအပ်ချက်အရ နိုင်ငံတော်အား တာဝန်ယူခဲ့ရသည့်အချိန်များတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ခဲ့ပါသည်။

ဥပဒေဘောင်အတွင်းမှ စည်းကမ်းနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုသည့် ဒီမိုကရေစီ၏ အနှစ်သာရကိုလည်း ဖော်ဆောင်နိုင်ခဲ့ပါသည်။ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးနိုင်သည့် အခြေအနေများဖြစ်သည့် သဘာဝဘေးအန္တရာယ်ကျခဲ့သည့် ကာလများနှင့် အဖျက်အမှောက်အသွင်ဆောင်သည့် ပဋိပက္ခလှုပ်ရှားမှုများတွင်လည်း တပ်မတော်မှ ရှေ့ဆုံးမှနေ၍ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးအတွက် ကာကွယ်ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်၏ သမိုင်းကြောင်းသည် အလွန်တရာကြီးမားလှသည့် အစဉ်အလာကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။ တပ်မတော်သည် ဖြတ်သန်းလာခဲ့ရသော မြန်မာနိုင်ငံ၏ သမိုင်းပေါ်ကိုမူတည်၍ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"ဆိုသည့် ဒို့တာဝန်သုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူကျင့်သုံးလျက်ရှိပါသည်။ အမျိုးသားရေးမူဝါဒပျက်ပြားအောင် ဆောင်ရွက်သူများကို တပ်မတော်မှ ဆန့်ကျင်တိုက်ခိုက်သွားမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀(င)နှင့် (ခ)တွင်လည်း "တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

နိုင်ငံတစ်နိုင်ငံလွတ်လပ်ခိုင်မာစွာ ရပ်တည်နိုင်ရန် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားများ ကောင်းမွန်ခိုင်မာရန် လိုအပ်ပါသည်။ ထိုစွမ်းရည်သုံးရပ်တောင့်တင်းအောင် ဆောင်ရွက်ရေးသည် တိုင်းပြည်ချစ်စိတ်ရှိသူများ၊ အမျိုးသားရေးစိတ်ရှိသူများ၏ တာဝန်ဖြစ်ပါသည်။ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဆိုသည့်အတိုင်း ကာကွယ်ရေးအင်အားခိုင်မာရန်အတွက် တပ်မတော်သာမက ပြည်ထောင်စုသားအားလုံးတွင်လည်း တာဝန်ရှိကြောင်း သတိပြုရမည်ဖြစ်သည်။

တိုင်းပြည်ပြိုကွဲမည့် အရေး၊ တိုင်းတစ်ပါးတို့၏ ကျူးကျော်လာမှုတို့ကို လက်ဝါးနှင့်ကာ၍မရပါ။ အင်အားရှိသော တပ်မတော်နှင့် ခုခံချေမှုန်းစစ်ပွဲဆင်နွှဲ၍ အောင်ပွဲရယူမည်ဖြစ်ကြောင်း၊ အလောင်းမင်းတရား၏ ရဲမက် လက်ဝဲသုန္ဒရ အမတ်ကြီးက နန္ဒိသေနပျို့အပိုဒ်(၃၄)တွင်-

**"ဤသို့ စေ့ရေ ဖြစ်သောထွေကြောင့်၊**
**မြေရေအတွင်း၊ သူကမင်းကို၊**
**မချင်းမဝင်၊ ပါစေချင်တည့်၊**
**သင်၏နိုင်ငံ၊ ပိုင်းရံခြားသီး၊**
**တပ်နှင့်ဆီးလော့"**

ဟူ၍ သတိပေးစကားမှာ ကမ္ဘာသက်ဆုံးတိုင်ခိုင်မြဲနေမည့် အဆိုအမိန့်ဖြစ်ပါသည်။

တပ်မတော်အနေဖြင့်လည်း စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရန်အတွက် နိုင်ငံတကာနှင့်ချိတ်ဆက်၍ စစ်ရေးလေ့ကျင့်ခြင်းများ၊ ခေတ်မီစစ်လက်နက်ကိရိယာများ တပ်ဆင်ခြင်းများကို ပြုလုပ်လျက်ရှိပါသည်။ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်သာမက နိုင်ငံတော်မှ ဘေးအန္တရာယ်ကျရောက်သည့် အချိန်အခါများတွင်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံးရောက်ရှိရန် ဆောင်ရွက်ပေးခဲ့ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သည့် ဝေးလံခေါင်းပါးဒေသများတွင်ရှိကြသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် တပ်မတော်နယ်လှည့်ဆေးတပ်ဖွဲ့များဖြင့် အင်တိုက်အားတိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်သည် ပြည်သူ့အတွက်တပ်မတော်၊ မျိုးချစ်တပ်မတော်ဖြစ်ကြောင်းကို အတိတ်သမိုင်း၊ ပစ္စုပ္ပန်လုပ်ရပ်များကို ကြည့်လျှင်သိနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ



**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်-၂၂၈၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ဇင်စိုးက ဖောင်ဒေးရှင်း၏ (၅)နှစ်တာလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် နှစ်ပတ်လည်အစီရင်ခံစာရှင်းလင်းခြင်းကို လည်းကောင်း၊ ဘဏ္ဍာရေးမှူးဦးဝင်းအောင်က (၅)နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များ၏ ဘဏ္ဍာငွေသုံးစွဲမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ-၂ ဦးချစ်နိုင်က မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ စာကြည့်တိုက်ဖောင်ဒေးရှင်း အသင်းဝင် ၂၀၄ ဦးတက်ရောက်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် အလုပ်အမှုဆောင်အဖွဲ့များ တွေ့ဆုံ၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိသည့် ဖောင်ဒေးရှင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

■

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအမည်စာရင်း အဆိုပြုတင်ပြ

**နေပြည်တော် မတ် ၂၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူထံမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးရေ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း အဆိုပြုတင်သွင်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့်ကျေးရွာများတိုးချဲ့ခြင်း၊ ပယ်ဖျက်ခြင်း၊ နယ်နိမိတ်ဧရိယာ ပြင်ဆင်ခြင်းနှင့် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကရင်ပြည်နယ် မြဝတီမြို့တွင် ရပ်ကွက် ငါးရပ်ကွက် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းပြီး ရပ်ကွက်နှစ်ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ဘားအံခရိုင် ဘားအံမြို့နယ် စံဖရီးကျေးရွာအုပ်စုတွင် ငြိမ်းချမ်းသာယာကျေးရွာ တစ်ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကန့်ဘလူခရိုင်နှင့် ရွှေဘိုခရိုင်ကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျေးရွာ ၃၂ ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ရပ်ကွက်တစ်ရပ်ကွက်၊ ကျေးရွာတစ်ရွာ နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ရပ်ကွက် လေးရပ်ကွက်ပါဝင်သော ရေနီမြို့နှင့် ရပ်ကွက် ငါးရပ်ကွက်ပါဝင်သော မြို့လှမြို့တို့ကို တိုးချဲ့ဖွဲ့စည်းပြီး ကျေးရွာအုပ်စု သုံးအုပ်စုနှင့် ကျေးရွာ ၂၃ ရွာကို ပယ်ဖျက်ခြင်းနှင့် ပဲခူးခရိုင် ကဝမြို့နယ်တွင် အောင်ပင်သာကျေးရွာအုပ်စု တစ်အုပ်စု တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း။

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စုနှင့် ထီဖောင်းကျေးရွာအုပ်စုတို့မှ စုစုပေါင်းမြေဧရိယာ ၃၉၈ ဒသမ ၃၄၄ ကို တောင်ကြီးမြို့နယ်နိမိတ်ဧရိယာအတွင်းသို့ လည်းကောင်း၊ ဘန့်ကွေးကျေးရွာအုပ်စုမှ မြေဧရိယာ ၃၄ ဒသမ ၁၄ ဧကကို အေးသာယာမြို့နယ်နိမိတ်ဧရိယာအတွင်းသို့လည်းကောင်း ထည့်သွင်းဖွဲ့စည်းခြင်းနှင့် နောင်လေ၊ ထီဖောင်းနှင့် ဘန့်ကွေးကျေးရွာအုပ်စု နယ်နိမိတ်ဧရိယာများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်ခရိုင် ငပုတောမြို့၌ ရပ်ကွက်နှစ်ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ သုံးရွာ ပယ်ဖျက်ခြင်း၊ ရပ်ကွက်တစ်ရပ်ကွက်၊ ကျေးရွာအုပ်စု တစ်အုပ်စု နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စုတစ်အုပ်စု အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်တွင် ခတ္တာနှင့် သောင်ဘုတ်ကျေးရွာအုပ်စု နှစ်အုပ်စုတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄ တို့နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ဦးလှသိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့် တို့ပါဝင်သော စုစုပေါင်း ၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက မတ် ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ အဆိုပြုတင်ပြထားကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏အမည်စာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မတ် ၂၆ ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို မတ် ၂၈ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့သို့ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း တက်ရောက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမည်စာရင်း**

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးလှသိန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်မြင့် | အဖွဲ့ဝင် |
| ၃။ | ဦးစိုးရယ် | ॥ |
| ၄။ | ဦးထွန်းခင် | ॥ |
| ၅။ | ဦးလှတင့် | ॥ |

## သာစည်မြို့နယ် ကုက္ကိုပေါက်ကျေးရွာတွင် အလှူရှင် စက်ရေတွင်းမှ သောက်သုံးရေနှင့်သုံးရေ ရရှိ

**သာစည် မတ် ၂၅**

နေအပူရှိန် ပြင်းပြမှုကြောင့် ကျေးရွာအတွင်းရှိ ရေတွင်းများ ရေထွက်အားမရှိတော့သည့်အတွက် သာစည်မြို့နယ် ကုက္ကိုပေါက်ကျေးရွာတွင် သောက်သုံးရေ အခက်အခဲနှင့် ကြုံတွေ့နေကြရသည်။ ကုက္ကိုပေါက်ကျေးရွာသည် သာစည်မြို့ အနောက်တောင်ဘက်နှစ်မိုင်ကျော်ဝေးပြီး သာစည်-ညောင်ရမ်းသွား လမ်းမကြီးပေါ်တွင် တည်ရှိ၍ ကျေးလက်ပြည်သူအများစုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တံငါလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်သည်။ ထိုကျေးရွာတွင် အိမ်ထောင်စု ၃၁၀၊ လူဦးရေ ၂၀၁၅ ဦး နေထိုင်ကြသည်။

ထိုသို့ သောက်သုံးရေ အခက်အခဲဖြစ်နေမှုကို မန္တလေးမြို့ရှိ ပါဆယ်-(၂) ကုန်ပို့ကိုယ်စားလှယ်များ အဖွဲ့က လူမှုရေးကူညီမှုတစ်ခုအနေဖြင့် အလှူငွေပေးပို့လှူဒါန်း၍ စက်ရေတွင်း တစ်တွင်း တူးစေခဲ့သည်။ အဆိုပါလှူဒါန်းငွေဖြင့် ရွာ၏တောင်ဘက်ပေ ၂၀၀၀ ကွာ ချောင်းရိုးထဲတွင် စက်ရေတွင်းတစ်တွင်းကို ယခုလဆန်းပိုင်းက တူးဖော်ခဲ့ရာ ၁၈ ပေအနက်တွင် ရေချိုများ ထွက်ရှိခဲ့သည်။ ထွက်ရှိရေမှာ တစ်နာရီလျှင် ဂါလန် ၂၀၀၀ ထွက်ရှိကြောင်း သိရသည်။

ထိုသို့ ရေချိုများထွက်ရှိသဖြင့် ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေနေ့စဉ်ရယူသုံးစွဲနိုင်ရေးအတွက် မန္တလေးမြို့ ပါဆယ်-(၂) ကုန်ပို့ကိုယ်စားလှယ်များအဖွဲ့မှ ကိုယ်စားလှယ် ဦးအောင်ကြည် (မြန်မာ့မီးရထား-ငြိမ်း)နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းတို့က ကြီးကြပ်ပြီး ရွာအဝင်တွင် ရေဂါလန် ၃၀၀၀ ဆံ့ ရေလှောင်အုတ်ကန်တစ်ခု တည်ဆောက်၍ ကျေးရွာအတွင်းရှိ အိမ်ထောင်စုများကို နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီထိတစ်ကြိမ် ရေများကို စနစ်တကျ ဖြန့်ဝေပေးလျက်ရှိသည်။**(အောက်ပုံ)**

ထို့ပြင် သောက်သုံးရေအပြင် ကျေးရွာနေပြည်သူများ ချိုးရေအဖြစ် သုံးစွဲရန်အတွက် စက်ရေတွင်းအနီးတွင် ရေဂါလန် ၄၅၀၀ ဆံ့ ရေလှောင်အုတ်ကန်တစ်ခုကိုလည်း တည်ဆောက်ပေးထားသည်။ ယခုရေထွက်သည့်စက်ရေတွင်းမှ ကျေးရွာအဝင် ရေလှောင်အုတ်ကန်သို့ ရေရောက်ရှိရေးအတွက် သွယ်တန်းသည့် ရေပိုက်များကို မန္တလေးမြို့မှ ဦးလှမြင့်က ပေးပို့လှူဒါန်းကြောင်း သိရပြီး ကျေးရွာနေပြည်သူများက ရေများရရှိနေပြီဖြစ်၍ အလှူရှင်များကို ကျေးဇူးတင်မဆုံး ရှိနေကြသည်။

**မောင်ကို (သာစည်)**





## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၂၅**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီတွင် ပါဝင်သည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သူမြင့် အစား ဗိုလ်မှူးကောင်းထိုက်ကျော်အား ပြောင်းလဲတာဝန်ပေးအပ်သည်။

ယင်းနောက် "၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း" ကို တောင်ဥက္ကလာပ၊ အင်းစိန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ စမ်းချောင်းမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့မှ သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။**

## ဖြည့်စွက်ဖတ်ရှုပါရန်

မတ် ၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြထားသော ညောင်လေးပင်မြို့နယ် လျှပ်စစ်မီးလင်းရေးဖွင့် သတင်းတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဦး အစား ဦးအောင်နိုင်ဦးဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**စာတည်း**

## ပြည်တွင်းရေးရာ




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၅၄ ဦးကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဇေယျကျော်ထင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိပျံ့ချီဘွဲ့ရရှိသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေးကိုယ်စား ဇနီးအား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိပျံ့ချီဘွဲ့ရရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

**✪ ရှေ့ဖုံးမှ**

ဆောင်ရွက်ခဲ့ကြသည့်အတွက် (၅)နှစ်တာကာလအတွင်း သိသာမြင်သာသည့် အောင်မြင်မှုများရရှိခဲ့သည်မှာ မည်သူမျှ ငြင်း၍မရသည့် ပကတိအခြေအနေမှန်ပင်ဖြစ်ပါကြောင်း။

မိမိတို့တစ်တွေ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းဖြင့် ယခုကဲ့သို့ အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နိုင်ခြင်းသည် တပ်မတော်၏ ကျေးဇူးများစွာ ရှိခဲ့ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် (၅)နှစ်တာကာလအတွင်း တပ်မတော်သားအရာရှိ၊ အရာခံ၊ အကြပ်တပ်သားအများအပြားသည် အသက်များစွန့်လွှတ်ခဲ့ကြရသည့်အပြင် ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများလည်း စွန့်လွှတ်ခဲ့ကြရပါကြောင်း၊ ယခုကဲ့သို့ အသက်နှင့် ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ကြရသည့် တပ်မတော်သား အများအပြားကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း။

ထို့ကြောင့် တိုင်းပြည်၏တာဝန်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် နယ်ဘက် တာဝန်များကို ဦးစီးဦးဆောင်ပြုပြီး ကြိုးပမ်းဆောင်ရွက် ခဲ့ကြသည့် အကြီးအကဲများကို မိမိတို့အစိုးရသက်တမ်း ကာလအတွင်း ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ပါကြောင်း။

ထိုသို့ချီးမြှင့်ခဲ့ရာတွင် ၂၀၁၂ ခုနှစ်က အဂ္ဂမဟာ သီရိသုဓမ္မဘွဲ့ တစ်ဦး၊ သတိုးသီရိသုဓမ္မဘွဲ့ တစ်ဦး၊ မဟာ သီရိသုဓမ္မဘွဲ့ လေးဦး၊ မဟာသရေစည်သူဘွဲ့ ကိုးဦး၊ သရေစည်သူဘွဲ့ ကိုးဦး၊ စည်သူဘွဲ့ ၃၀၊ သီရိပျံ့ချီဘွဲ့ ၆၀၊ ဇေယျကျော်ထင်ဘွဲ့ ၄၄ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၈၂ ဦးတို့ကို အခမ်းအနားဖြင့် ချီးမြှင့်ပေးအပ်ခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်က ဘွဲ့တံဆိပ်များကို အခမ်းအနားဖြင့် မပေးအပ်နိုင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်က ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့ဖြစ်သည့် သရေစည်သူဘွဲ့ တစ်ဦး၊ သီဟသူရဘွဲ့တစ်ဦးနှင့် သူရဘွဲ့ကိုးဦးတို့ကို အခမ်းအနားဖြင့် ချီးမြှင့်ပေးအပ်ခဲ့ပါကြောင်း။

ယခု ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းများတွင် ဦးစီးဦးဆောင် ပြုခဲ့ကြသည့် ဘွဲ့တံဆိပ်မရကြသေးသော ပြည်ထောင်စု ဝန်ကြီး ၁၄ ဦး၊ ပြည်ထောင်စုဝန်ကြီးအဆင့်ပုဂ္ဂိုလ် သုံးဦးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် လေးဦး တို့ကို သီရိပျံ့ချီဘွဲ့ပေးအပ်မည်ဖြစ်ပြီး တပ်မတော်မှအကြီး အကဲများအား မဟာသရေစည်သူဘွဲ့ တစ်ဦးနှင့် ဇေယျ ကျော်ထင်ဘွဲ့ ၅၄ ဦး ချီးမြှင့်ပေးအပ်မည်ဖြစ်ပါကြောင်း။

ယခုရရှိကြသည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူး ဆောင်တံဆိပ်များသည် မိမိတို့ အစိုးရသက်တမ်းကာလ အတွင်း မိမိတို့၏ကြိုးပမ်းဆောင်ရွက်မှုများအတွက် ဂုဏ်ယူ ဖွယ်ရာ အထိမ်းအမှတ်ဖြစ်သည်သာမက မိမိတို့၏သားစဉ် မြေးဆက်တိုင် ဂုဏ်ယူကြရမည့် သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**

## ပြည်တွင်းရေးရာ

**✱ စာမျက်နှာ ၈ မှ**

နိုင်ငံချုပ်အနေဖြင့် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ မြန်မာလူမျိုးများ၏ ကောင်းမြတ်သည့်အစဉ်အလာလည်း ဖြစ်ပါကြောင်း၊ ဂုဏ်ပြုခံရသူများအနေဖြင့်လည်း မှတ်တမ်းတင်ခံရသည့် မိမိတို့၏ သမိုင်းကို အစွန်းအထင်းမရှိကြရလေအောင် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းရင်းနိုင်ငံချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၆ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းသော မဟာသရေစည်သူဘွဲ့ရရှိသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မဟာသရေစည်သူဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ၂၀၁၆ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းသော သီရိပျံချီဘွဲ့ရရှိသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဦးစိုးဝင်း၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာမြင့်အောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဦးငြေးအောင်နှင့် ဒေါက်တာကိုကိုဦး၏ဇနီး၊ ဒေါက်တာမြအေး၏ဇနီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြတို့အား သီရိပျံချီဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ၂၀၁၆ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းသော ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၅၄ ဦးကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဇေယျကျော်ထင်ဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိပျံချီဘွဲ့ရရှိသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်အား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိပျံချီဘွဲ့ရရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိပျံချီဘွဲ့ရရှိသည့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်အား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိပျံချီဘွဲ့ရရှိသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်အား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိပျံချီဘွဲ့ရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိပျံချီဘွဲ့ရရှိသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးငြေးအောင်အား ဘွဲ့တံဆိပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အခန်းကဏ္ဍ

ဆောင်းပါးရှင်
မေနိုင်း

လက်ရှိအစိုးရလက်ထက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ယူစဉ်မှစ၍ ပြည်သူများအတွက် ပိုမိုသာလွန်ကောင်းမွန်သည့် လူမှုဘဝရရှိစေရန်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်လာစေရေး ရည်မှန်းချက်ထားဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးထားဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချစေရေးအတွက် ၂၀၁၀ ပြည့်နှစ်တွင် ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်း ၂၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်၌ ၁၆ ရာခိုင်နှုန်းအထိလျှော့ချရေး ပြည်သူများ၏ စား၊ ဝတ်၊ နေရေး အခြေခံလိုအပ်ချက်များအား ပံ့ပိုးဖြည့်ဆည်းပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ရေးကိုလည်း ဦးစားပေးရည်မှန်းချက် တစ်ခုအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။




**ရင်းမြစ် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ စုစုပေါင်းသည် ၅၁ သန်းကျော်ဖြစ်ပြီး အသက်(၁၅ နှစ် မှ ၆၄)ကြား ဦးရေသည် အများဆုံးဖြစ်သည့်အတွက် လူဦးရေဆုလဒ် Population Bonus ရရှိခြင်းပင်ဖြစ်ကြောင်း တင်စားပြောဆိုကြပါသည်။ စုစုပေါင်း လူဦးရေ၏ ၆၂ ဒသမ ၄၁ ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ဖြစ်ပြီး လုပ်သားအင်အားများပြားခြင်း (Abundant Labour Resources)သည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် အားသာချက်ပင်ဖြစ်ပါသည်။ ယင်းလူ့စွမ်းအားအရင်းအမြစ် ခိုင်မာအားကောင်းမှုရှိမှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုနိုင်သဖြင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံအရင်းအမြစ်တစ်ခုအပါအဝင်အဖြစ်ထည့်သွင်းထားပြီး ပြည်သူတစ်ဦးချင်းစီ၏ အရည်အသွေးမြင့်မားမှုရှိစေရန် လေ့ကျင့်မှုပေးရေး၊ သင်တန်းပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရေးတို့အတွက် ဆောင်ရွက်မည့်နည်းလမ်းများကိုလည်း ထည့်သွင်းရေးဆွဲထားခဲ့ပါသည်။

ကျန်းမာ၍ အတတ်ပညာနှင့် ပြည့်စုံသည့်လုပ်သားအင်အားသည် ကုန်ထုတ်စွမ်းအားကို မြင့်မားစေမည်ဖြစ်ပြီး ရေရှည်တွင်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းစေနိုင်မည်ဖြစ်ပါသည်။ သင့်တော်ရာ ကျွမ်းကျင်မှုများအလိုက် လုပ်ငန်းခွင်အတွင်း ဝင်ရောက်ခွင့်ရရှိပြီး မြင့်မားသည့်ဝင်ငွေများ ကိုယ်စီကိုယ်ငှရရှိလာမှသာလျှင် လူနေမှုအဆင့်အတန်းများ မြင့်မားလာပြီး လူမှုဘဝများ ပြည့်စုံကောင်းမွန်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးမြှင့်ပေးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအသစ်များဖြစ်ပေါ်စေရေးသည် အရေးကြီးသည့် ပင်မလိုအပ်ချက်ဖြစ်လာပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ဖြေလျှော့မှုများ၊ လုပ်ငန်းစဉ်ဆိုင်ရာ ဖြေလျှော့မှုများနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆောင်ရွက်ရာတွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးလိုသောကြောင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိစေနိုင်သည့် စက်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍ စသည့်ကဏ္ဍများကို ဦးစားပေးအနေဖြင့်သတ်မှတ်ပြီး ရင်းနှီးမြှုပ်နှံမှုအားကောင်းစွာ စီးဝင်လာစေရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

အထူးသဖြင့် နိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန် ရည်ရွယ်လျက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၏ အခန်း(၁၀) ပုဒ်မ ၂၄ တွင် "ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံခြားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမနှစ်နှစ်အတွင်း၌ နိုင်ငံသား အနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်နှစ်အတွင်း၌ အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယနှစ်နှစ်အတွင်း၌ ၇၅ ရာခိုင်နှုန်းခန့်ထားပြီးဖြစ်ရမည်" ဟု လည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် "ခန့်ထားသည့် နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုတိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်"ဟု လည်းကောင်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုအခြေအနေ**

လက်ရှိအစိုးရ တာဝန်ယူဆောင်ရွက်ခဲ့သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်(ဖေဖော်ဝါရီလ)ကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့အရ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့သော ပြည်တွင်းလုပ်သားဦးရေ အခြေအနေအား အောက်ဖော်ပြပါဇယားဖြင့် တင်ပြထားပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ပြည်တွင်းလုပ်သားများ အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမှုနှင့် စပ်လျဉ်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေစတင်ပြဋ္ဌာန်းခဲ့သည့် ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ စတင်၍ ၂၀၁၅-၂၀၁၆

| စဉ် | ဘဏ္ဍာနှစ် | နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပြည်တွင်း လုပ်သားဦးရေ | မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပြည်တွင်း လုပ်သားဦးရေ | စုစုပေါင်း ဦးရေ | နှစ်စဉ် တိုးတက်မှု နှုန်း |
|---|---|---|---|---|---|
| (၁) | ၂၀၁၁-၂၀၁၂ | ၆,၈၁၄ | ၉,၀၁၅ | ၁၅,၈၂၉ | – |
| (၂) | ၂၀၁၂-၂၀၁၃ | ၆၂,၄၁၂ | ၁၈,၈၆၇ | ၈၁,၂၇၉ | ၅.၁၃ |
| (၃) | ၂၀၁၃-၂၀၁၄ | ၇၇,၁၈၇ | ၁၇,၂၆၉ | ၉၄,၈၆၆ | ၁.၁၆ |
| (၄) | ၂၀၁၄-၂၀၁၅ | ၁၀၅,၅၀၀ | ၁၂,၅၉၃ | ၁၂၈,၀၉၃ | ၁.၃၅ |
| (၅) | ၂၀၁၅-၂၀၁၆ | ၈၈,၅၇၂ | ၂၂,၈၉၄ | ၁၁၁,၄၆၆ | ၀.၈၇ |
| | စုစုပေါင်း | ၃၅၀,၈၉၅ | ၈၀,၆၃၈ | ၄၃၁,၅၃၃ | |

(ဖေဖော်ဝါရီလ)ကုန်အထိတွင် မြန်မာနိုင်ငံသား လုပ်သား စုစုပေါင်း ၅၁၇၁၄၈ ဦးကို အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ၅ နှစ်တာကာလအတွင်း စုစုပေါင်း ၃၅၀၈၉၅ ဦးအား အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့သည့်အတွက် လက်ရှိအစိုးရ တာဝန်ယူဆောင်ရွက်ခဲ့သော (၅)နှစ်တာကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်ဖန်တီးပေးနိုင်မှုမှာ စုစုပေါင်းအလုပ်အကိုင်အခွင့်အလမ်းများ၏ ၆၇ ဒသမ ၈၅ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

အလားတူ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံသားလုပ်သား စုစုပေါင်း ၂၈၈၃၉၅ ဦး အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ပြီး လက်ရှိအစိုးရလက်ထက်တွင် စုစုပေါင်း ၈၀၆၃၈ ဦးအား အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းတွင် လုပ်သားအင်အား အခြေပြုလုပ်ငန်း(Labour Intensive Industries)တစ်ခုဖြစ်သော အထည်ချုပ်လုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပင် ဖြစ်ပါသည်။ ယင်းအထည်ချုပ်လုပ်ငန်းများတွင် အဝတ်အထည်ချုပ်လုပ်သည့် လုပ်ငန်းများ၊ လက်ကိုင်အိတ်၊ ဖိနပ်နှင့် အခြားလူ့အသုံးအဆောင်ပစ္စည်း ချုပ်လုပ်သည့်လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | ဘဏ္ဍာနှစ် | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | |
| CMP အထည်ချုပ် (ခု) | ၄ | ၃၉ | ၄၄ | ၇၄ | ၆၃ | ၂၂၄ |
| CMP အခြား (ခု) | - | ၂၂ | ၂၄ | ၂၇ | ၁၆ | ၈၉ |
| ရင်းနှီးမြှုပ်နှံမှု ပမာဏ (US$ million) | ၆.၇၅ | ၁၂၇.၅၆၆ | ၂၄၀.၇၉၈ | ၄၉၆.၁၁၇ | ၂၇၀.၂၆ | ၁၁၄၁.၆၉၀ |

၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်တွင် CMP အထည်ချုပ် လုပ်ငန်းအရေအတွက်မှာ လေးခုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၆ ဒသမ ၇၅၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် CMP အထည်ချုပ်လုပ်ငန်းအရေအတွက်မှာ ၃၉ ခုနှင့် CMP အခြားလုပ်ငန်းအရေအတွက် ၂၂ ခုဖြစ်ပြီး ပမာဏအမေရိကန်ဒေါ်လာ သန်းပေါင်း ၁၂၇ ဒသမ ၅၆၆၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် CMP အထည်ချုပ်လုပ်ငန်းအရေအတွက်မှာ ၄၄ ခုနှင့် CMP အခြားလုပ်ငန်းအရေအတွက် ၂၄ ခု ဖြစ်ပြီး ပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၄၀ ဒသမ ၇၉၈၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် CMP အထည်ချုပ်လုပ်ငန်းအရေအတွက်မှာ ၇၄ ခုနှင့် CMP အခြားလုပ်ငန်းအရေအတွက် ၂၇ ခု ဖြစ်ပြီး ပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၉၆ ဒသမ ၁၁၇၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိတွင် CMP အထည်ချုပ်လုပ်ငန်းအရေအတွက်မှာ ၆၃ ခုနှင့် CMP အခြားလုပ်ငန်း အရေအတွက် ၁၆ ခု ဖြစ်ပြီး ပမာဏအမေရိကန်ဒေါ်လာ သန်းပေါင်း ၂၇၀ ဒသမ ၂၆၀ ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်သည့်အတွက် (၅)နှစ်တာကာလအတွင်း CMP လုပ်ငန်းအရေအတွက် ၃၁၃ ခုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၄၁ ဒသမ ၆၉၁ တိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။

**ရှေ့ခရီးစဉ်**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပိုမိုကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်စေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာသည့်အတွက် ဖြစ်ပေါ်နိုင်သော Positive Externalities သာမက Negative Externalities များကိုပါ သိရှိသုံးသပ်ထားပြီး Positive Externalities များ ပိုမိုသာလွန်ကောင်းမွန်စွာ ဖြစ်ပေါ်စေရေးအတွက် ပြည်တွင်းရှိ လုပ်သားများသာမက လုပ်ငန်းရှင်များပါ အသိပညာဆင့်ပွားရရှိမှု (Knowledge Spillovers) ရရှိရေး ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ Negative Externalities ဖြစ်သည့် FDI နှင့် SME များကြား ယှဉ်ပြိုင်မှု မြင့်မားလာခြင်းကို ထိန်းကျောင်းနိုင်ရန်အတွက်လည်း မျှတသည့်ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ပေါ်လာစေရန် ပြုပြင်ပြောင်းလဲမှုများနှင့် ဖြေလျှော့မှုများ လုပ်ဆောင်ပေးခဲ့ပါသည်။ ထိုမျှသာမက တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု(Responsible Investment) များကို ဖိတ်ခေါ်ခြင်းဖြင့်လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အနာဂတ်မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိအစိုးရမှ ခိုင်မာစွာအုတ်မြစ်ချပေးနိုင်ခဲ့ပြီး အတာနှစ်ကူးနှင့်အတူ တက်ရောက်လာမည့်အစိုးရသစ်မှလည်း ရှေ့လျှောက်လှမ်းရမည့် ခရီးစဉ်တွင် ဆက်လက်တိုးတက်ဖြစ်ထွန်းအောင်ဆောင်ရွက်လျက် မဝေးတော့သည့်ကာလတွင် ရွှေရောင်အနာဂတ်ကို ပိုင်ဆိုင်နိုင်စေကြောင်း အမိမြန်မာနိုင်ငံအတွက် နှစ်သစ်ကူးအကြိုဆုမွန်ကောင်းတောင်းအပ်ပါသည်။

# မြန်မာ့အလင်းနှင့် ကြေးမုံတို့၏အနာဂတ် အစိုးရနဲ့ ပြည်သူကြားဆုံချက်အဖြစ် မျှော်လင့်

တွေ့ဆုံမေးမြန်း-ခင်ရတနာ၊သီသီမင်း၊သိမ့်သိမ့်မိုး ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် ထူးချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်တို့ရှိ ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။ နှစ်ပေါင်း ၁၀၂ နှစ်သက်တမ်းရှိ မြန်မာနိုင်ငံ၏ သက်တမ်းရင့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ပင်တိုင်ရေးသားကြသည့် ဆောင်းပါးရှင်များ၊ သတင်းစာတိုက်အတွက် သတင်းတင်ဆက်မှုကို အထောက်အကူပြုနေသည့် မြို့နယ်သတင်းထောက်များနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများတက်ရောက်ကြသည်။ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့သည် နိုင်ငံပိုင်သတင်းစာများအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့ကြရာ ပြောင်းလဲလာသည့် ဒီမိုကရေစီနိုင်ငံရေးစနစ်နှင့်အညီ အသွင်ကူးပြောင်းရန် ဝန်ထမ်းများအားလုံး စုပေါင်းကြိုးပမ်းလျက်ရှိသည့် အထိမ်းအမှတ်အဖြစ် သတင်းဆောင်းပါးထူးချွန်ဆုများနှင့် သတင်းဓာတ်ပုံထူးချွန်ဆုများ၊ ဂုဏ်ပြုဆုများကို ပေးအပ်ခဲ့ကြပြီး အဆိုပါအခမ်းအနား၌ အနာဂတ်တွင် နိုင်ငံပိုင်သတင်းစာများ ဆက်လက်လျှောက်လှမ်းကြရမည့် မျှော်လင့်ချက်များနှင့် တက်ရောက်လာကြသူများ၏ ဝေဖန်ထောက်ပြမှုများ အပါအဝင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၏ အခန်းကဏ္ဍအကြောင်းကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဦးဟန်ညွန့်(ဥပဒေ)**
**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ**

ကျွန်တော့်အမြင်ပြောရရင် မြန်မာ့အလင်းတို့ ကြေးမုံတို့ဆိုတာ ပြည်သူတွေအတွက် ဘယ်တော့မှမရိုးနိုင်တဲ့ သတင်းစာတွေဖြစ်ပါတယ်။ အခုခေတ်ကာလမှာ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာတာကြောင့် ပုဂ္ဂလိက သတင်းမီဒီယာတွေ အများကြီး ပေါ်ထွက်လာတာကို ဝမ်းသာစရာအဖြစ် မြင်တွေ့ရပါတယ်။ အဓိကကတော့ သတင်းစာဆိုတာ ပြည်သူ့ဝေဖန်ချက်တွေကို တင်ဆက်နိုင်ရမယ်။ သတင်းစာဟာ ပြည်သူတို့ရဲ့ နားနဲ့ မျက်စိတွေဖြစ်တယ်လို့ မြင်ပါတယ်။ အမှားနဲ့အမှန်ကို ခွဲခြားသိနိုင်ဖို့အတွက် ပြည်သူတွေက နားနဲ့မျက်စိကို အသုံးပြုရပါတယ်။ သတင်းစာတိုင်းဟာ သတင်းစာပီသစွာ ရပ်တည်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ သတင်းစာဆိုတာ နိုင်ငံတော်ရဲ့ ပြန်တမ်းမဟုတ်သလို အစီရင်ခံစာလည်း မဟုတ်ပါဘူး။ ဖျော်ဖြေရေးကဏ္ဍတွေလည်း ထည့်သင့်ရင် ထည့်ရပါမယ်။ ပြည်သူလူထုအားကိုးအားထားရမယ့် အာဘော်၊ သတင်းနဲ့တူတဲ့ သတင်းစာတစ်စောင်အဖြစ် ရပ်တည်သွားမယ်ဆိုရင် ပြည်သူအားလုံးကလည်း နားလည်လက်ခံမယ်လို့ ယုံကြည်ပါတယ်။

ပြည်သူကို ဘယ်လောက်အကျိုးပြုနိုင်မလဲ။ ဝေးကွာတဲ့ဒေသက တိုင်းရင်းသားတွေကို ကိုယ်စားပြုလား၊ မသန်စွမ်းတွေ အတိဒုက္ခကြုံနေရသူတွေ၊ စာပေအာဟာရချို့တဲ့သူတွေ စသည်ဖြင့် လူသားအားလုံးကို ကိုယ်စားပြုနိုင်သလား၊ ဒါမှမဟုတ် လူငယ်လူရွယ်တွေအတွက်ရော စာပေခွန်အားပေးနိုင်မလား စတာတွေကို အဘက်ဘက်က ဖြည့်ဆည်းပေးပြီး ပြည်သူလူထုကို အမှန်တကယ် ကိုယ်စားပြုသော၊ ပြည်သူလူထုကို မမေ့မလျော့သော၊ သတင်းစာအတတ်ပညာပီသသော သတင်းစာများအဖြစ် ဆက်လက် ချီတက်သွားနိုင်မယ်လို့ ထင်ပါတယ်။

ဒါကြောင့် မြန်မာ့အလင်းနဲ့ ကြေးမုံဟာ ပြည်သူလူထုကို ကိုယ်စားပြုနိုင်ပါစေလို့ အကြံပြုလိုက်ပါတယ်။

**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

သတင်းစာဆိုတာ အားလုံးပူးပေါင်းပါဝင်ရေးသားနိုင်အောင် လမ်းဖွင့်ပေးထားရမယ့် စာမျက်နှာများဖြစ်တယ်လို့ ဆရာထင်ပါတယ်။ အခုဆရာက မြန်မာ့အလင်းမှာ ပုံမှန်ဆောင်းပါးတွေ ရေးပါတယ်။ မြန်မာ့အလင်းအပြင် အခြားသတင်းစာနဲ့ ဂျာနယ်တွေမှာလည်း အပတ်စဉ်ရေးသားသူ ဖြစ်ပါတယ်။ ဆရာ့အမြင်ကတော့ သတင်းစာမှာ တင်ပြတာ၊ ဖော်ပြတာ မှန်ကန်မှု၊ မျှတမှုကို အလေးပေးပါ။ ပြည်သူလူထုက သတင်းစာမှာပါရင် အမှန်ထင်တတ်ကြတာမို့ ဂရုစိုက်ထိန်းကျောင်းသွားစေချင်တယ်။



ဦးစောနိုင်



ဒေါက်တာမောင်ဖြေ။



ဦးမျိုးကျော်ခန့်။



ဒေါ်သူဇာနွယ်။

နိုင်ငံတိုင်းမှာ မဟုတ်ပေမယ့် အချို့နိုင်ငံတွေမှာ နိုင်ငံပိုင်သတင်းစာဆိုပြီး ရှိပါတယ်။ သို့သော် သတင်းစာဆိုတာ ဆိုရှယ်လစ်စနစ်တို့၊ ကွန်မြူနစ်စနစ်တို့စတဲ့ တစ်ပါတီအာဏာရှင်ဆန်တဲ့ နိုင်ငံတွေမှာ အစိုးရကကြီးကြပ်ပြီး သတင်းစာတွေထုတ်တယ်။ ဥပမာ ဗီယက်နမ်မှာ ကွန်မြူနစ်ဝါဒကို လုံးဝအထိခိုက်မခံဘူး။ ဥရောပကျပြန်တော့ သတင်းစာ လွတ်လပ်ခွင့်ရှိတယ်၊ သို့သော် ထိန်းတော့ထိန်းတယ်၊ လက်ရှိအစိုးရရဲ့မူဝါဒကို ထိန်းနေတာ တွေ့ရတယ်။ ကျန်တာတွေ အားလုံးကတော့ အယ်ဒီတာလွတ်လပ်ခွင့်အပြည့်ရှိပါတယ်။ ပင်မမူဝါဒကို ထိခိုက်မခံဘူး၊ အစိုးရကလည်း သတင်းစာတွေဖွံ့ဖြိုးဖို့အတွက် ပံ့ပိုးပေးနေတယ်။ ကျွန်တော့်အမြင်ကတော့ နောင်လာမယ့် အစိုးရလက်ထက်မှာလည်း မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေဟာ ပုံစံမတူတော့မယ့် ရပ်တည်မှုတွေနဲ့ ရှိကိုရှိနေသင့်တယ်လို့ ထင်ပါတယ်။

**ဦးစောနိုင် (အသုံးချဘောဂဗေဒ)**
**စီးပွားရေးသုတေသီ**

မြန်မာ့အလင်းနဲ့ကြေးမုံကို သတိထားမိတာက အခုအစိုးရငါးနှစ်တာကာလမှာ အရင်ထက်စာရင် အများကြီးပြောင်းလာခဲ့ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ပြောင်းမယ့်အလားအလာကတော့ ကျွန်တော့်အနေနဲ့ ပြောရရင် အစိုးရပိုင်သတင်းစာဆိုတာကတော့ ဒီမိုကရေစီနိုင်ငံတွေမှာ မရှိသလောက်ပါ။ သို့သော် အစိုးရနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို မှန်မှန်ကန်ကန်ဖော်ပြပေးနေတဲ့ စာစောင်ကတော့ နိုင်ငံတိုင်းမှာ ရှိသင့်တယ်လို့ ထင်ပါတယ်။ တစ်ဖက်မှာလည်း အစိုးရလုပ်ဆောင်ချက်တွေကို ပြည်သူကို ချပြချင်ကြသလို ပြည်သူကလည်း တင်ပြစရာရှိတာတွေကို မှန်မှန်ကန်ကန်နဲ့ ယုံကြည်စိတ်ချရတဲ့ မီဒီယာကနေတစ်ဆင့် ဖော်ပြလိုကြမှာပဲ။

သတင်းစာကို Both sides ဖြစ်စေချင်တယ်။ အခုဆိုရင် မြန်မာ့အလင်းနဲ့ကြေးမုံက နှစ်ရာချီတဲ့ သတင်းစာတွေဖြစ်တယ်။ ဈေးကွက်လည်း ရှိထားပြီးသားဖြစ်တယ်။ အစိုးရရဲ့ပေါ်လစီတွေချည်း မဟုတ်ဘဲ ပြည်သူယုံကြည်စိတ်ချရတဲ့၊ အားကိုးသမှုပြုနိုင်တဲ့ မီဒီယာတွေအဖြစ် အသွင်ပြောင်းပြီးသွားရင် အစိုးရရဲ့လုပ်ဆောင်ချက်နဲ့ ပြည်သူ့အသံနဲ့ အခြေအနေနှစ်ခုပေါ်က ဆုံမှတ်အနေနဲ့သာ အပြည့်အဝ အသွင်ကူးပြောင်းနိုင်သွားရင် မြန်မာ့အလင်း၊ ကြေးမုံဟာ လက်ရှိအနေအထားထက် ပိုကောင်းသွားမယ်လို့ ကျွန်တော်ထင်ပါတယ်။

**ဒေါက်တာမောင်ဖြေ**
**တိုင်းရင်းဆေးသမားတော်**

နိုင်ငံပိုင်သတင်းစာဆိုတာကတော့ လက်ရှိအုပ်ချုပ်တဲ့ အစိုးရပေါ် မူတည်ပြီး သတင်းစာမူဝါဒက ပြောင်းလဲသွားမှာပါ။ ကျွန်တော့်သဘောကတော့ နိုင်ငံကပိုင်ထားရင် ဘက်လိုက်စရာမရှိဘူး။ ပုဂ္ဂလိကတစ်ဦးက ပိုင်ဆိုင်ထားမယ်ဆိုရင် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ စတာတွေ ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ နိုင်ငံပိုင်ဆိုပေမယ့်လည်း မူဝါဒကိုတော့ အပြင်သတင်းစာတိုက်တွေအတိုင်းချမှတ်ပြီး ပြုပြင်ပြောင်းလဲသင့်ပါတယ်။

ကျွန်တော် သတိထားမိတာက မြန်မာ့အလင်းနဲ့ကြေးမုံ တကယ်ကိုပဲ အရေးအသားနဲ့ တင်ဆက်မှုတွေ ပြောင်းလဲနေတယ်။ နယ်သတင်းတွေ ပိုစုံလာတယ်။ အရင်က ဘယ်သူတွေ ဘယ်နေရာမှာ ဘာအခမ်းအနား လုပ်သွားတယ်ဆိုတာ မျိုးများတယ်။ သိချင်လို့တောင်မေးမရဘူး။ အခုအကြောင်းအရာတွေစုံအောင် သူတို့တင်ဆက်လာတာကို တွေ့ရတယ်။ ဥပမာ အခမဲ့သတင်း ဝက်ဘ်ဆိုက်တွေမှာ မြန်မာ့အလင်းနဲ့ ကြေးမုံက သတင်းတွေ MOI ဆိုပြီး တင်ထားတာတွေ တွေ့ရတယ်။ သတင်းတင်ဆက်မှုက အခြားပုဂ္ဂလိကတို့လို အလုံးစုံပြောင်းလဲပေးနိုင်ရင် စာဖတ်ပရိသတ် ပိုများလာမယ်။ ယုံကြည်မှု ပိုရလာမယ်လို့ ထင်ပါတယ်။ ပုဂ္ဂလိကသတင်းစာထက် နိုင်ငံပိုင်ဒါမှမဟုတ် ပြည်သူပိုင် အနေနဲ့ထားပြီး သတင်းစာအင်္ဂါရပ်နဲ့ အညီသာ လုပ်နိုင်မယ်ဆိုရင် အပြင်သတင်းစာတွေထက် ပြည်သူကို ပိုအကျိုးပြုနိုင်မယ်လို့ ထင်ပါတယ်။ မှန်ကန်တဲ့ မူဝါဒနဲ့လူ့စွမ်းအားအရင်းအမြစ်တွေတော့ လိုအပ်မယ်ထင်ပါတယ်။

**ဦးမြင့်စိုး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

၁၉၉၄ ခုနှစ်မှာ မြင့်စိုး(နတလ) ဆိုတဲ့ ကလောင်ကို သတင်းနဲ့စာနယ်ဇင်းကမွေးဖွားပေးခဲ့တာပါ။ အမျိုးသားရေးနဲ့ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်းပါးတွေကို ရေးခဲ့ပါတယ်။ ခေတ်ကာလ ပြောင်းလာတာနဲ့အမျှ သတင်းနဲ့စာနယ်ဇင်းလည်း ပြောင်းလဲလာတာကို ကျွန်တော်ခံစားရပြီး ကျွန်တော့် ရေးသားမှုတွေကိုလည်း လိုက်ပြောင်းလဲခဲ့တယ်။ မြန်မာ့အလင်းက ၁၉၁၄ ခုနှစ်မှာ စတင်ထုတ်ဝေပါတယ်။ ကြေးမုံက ၁၉၅၇ မှာစတင်ထုတ်ဝေတာပါ။ ဖြတ်သန်းခဲ့တဲ့သမိုင်းတစ်လျှောက်မှာ ခေတ်ကို မီးမောင်းထိုးပြခဲ့တာကို တွေ့ရမှာပါ။ ဆက်လက်ပြီးတော့လည်း နောင်ဖြစ်လာမယ့် အစိုးရလက်ထက်မှာ ခေတ်အလိုက် မီးမောင်းထိုးပြနိုင်လိမ့်ဦးမယ်လို့ ယူဆပါတယ်။

ပြည်သူလူထုအနေနဲ့ သတင်းစာနဲ့ကင်းကွာလို့လုံးဝမရပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့လည်း သတင်းစာထဲကနေတစ်ဆင့် ပြည်သူတွေရဲ့ လိုအပ်ချက်ကို သိဖို့လိုအပ်ပါတယ်။ အဲဒီနေရာမှာလည်း ပုဂ္ဂလိကသတင်းစာတွေထက် ပြည်သူတွေနဲ့ သက်ဆိုင်တဲ့ ငွေကြေးတစ်ရပ်နဲ့ ရပ်တည်နေတဲ့ နိုင်ငံပိုင်တွေဆိုရင် ပိုပြီးသမာသမတ်ကျနိုင်မယ်လို့ ထင်ပါတယ်။ မှန်ကန်တဲ့ သတင်းစာပညာကို အသုံးပြုပြီး ပိုမို ပေါင်းစည်းဆောင်ရွက်ရင် မြန်မာ့အလင်း၊ ကြေးမုံဆိုတာ အခုနှစ်တစ်ရာကျော်ကနေ နောင်နှစ်များစွာအထိ တည်တံ့နိုင်မှာပါ။

**ဦးမျိုးကျော်ခန့် (တိုင်းမန်နေဂျာ)**
**နေပြည်တော်ကောင်စီနယ်မြေ(MPT)**

ကျွန်တော်က သတင်းနှင့်စာနယ်ဇင်း နှစ်ပတ်လည် အခမ်းအနားကို ဖိတ်ကြားလို့ တက်ရောက်ရသူပါ။ ကျွန်တော်တို့ အမ်ပီတီဆင်းကတ်ကနေပြီး ကြော်ငြာအများဆုံးထည့်တဲ့ အထဲမှာပါတဲ့အတွက် ကြော်ငြာအများဆုံးထည့်သွင်းခြင်း ဂုဏ်ပြုလက်ဆောင်ကို တက်ရောက်ရယူတာဖြစ်ပါတယ်။ ကျွန်တော်တို့က ပုဂ္ဂလိကသတင်းစာတွေ၊ ဂျာနယ်တွေမှာလည်း ကြော်ငြာပါတယ်။ မြန်မာ့အလင်းနဲ့ ကြေးမုံမှာလည်း ကြော်ငြာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လေ့လာချက်အရ ပျံ့နှံ့မှုက မတူပါဘူး။ တစ်ပြည်လုံးပျံ့နှံ့မှုက အစိုးရသတင်းစာတွေက ပိုပြီးအားကောင်းပါတယ်။ အပြင်တွေက မြို့ပေါ်တွေလောက်သာ ပျံ့နှံ့တာဖြစ်ပါတယ်။ စောင်ရေအားဖြင့်လည်း ကွာခြားတော့ ဆက်လက်ပြီးတော့လည်း အစိုးရသတင်းစာတွေနဲ့ လက်တွဲသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အွန်လိုင်းကနေ ညလယ်ဆို သတင်းစာဖတ်ရှုနိုင်ပြီဖြစ်လို့ နိုင်ငံရပ်ခြားကလည်း အချိန်မရွေး ဖတ်ရှုနိုင်တဲ့အတွက် ပိုအဆင်ပြေပါတယ်။

အခုအချိန်ကနေစပြီး နောက်အစိုးရလည်း တက်လာတော့မှာမို့ အားလုံးက ပွင့်လင်းမြင်သာနေပါပြီ။ နိုင်ငံပိုင်သတင်းစာတွေလည်း သတင်းတွေ စုံလာတာကို သတိထားမိပါတယ်။ ဒါ့အပြင် နိုင်ငံပိုင်သတင်းစာတွေမှာပါရင် လူတွေက သတင်းတန်ဖိုးကို ပိုပြီး ယုံကြည်ကြတယ်။ များပြားလှတဲ့ သတင်းစာတွေကြားထဲမှာ သတင်းတွေကို သတင်းလို့မြင်ပြီး နိုင်ငံပိုင်သတင်းစာတွေကရေးသားရင် ထုတ်ပြန်ချက်လို ထင်မြင်တတ်ကြပါတယ်။ အခုနောက်ပိုင်းမှာ နိုင်ငံပိုင်သတင်းစာတွေလည်း ပြည်သူ့မျက်နှာကိုကြည့်ပြီး အမှန်ကိုအမှန်အတိုင်း ကောင်းတာရော၊ ဆိုးတာရော ဖော်ပြပေးနိုင်မယ်ဆိုရင် ပိုကောင်းသွားပါလိမ့်မယ်။

**ဦးစိုင်းသာလှိုင်**
**သီပေါမြို့နယ်သတင်းထောက်**

နမ့်ဆန်မီးဘေးတုန်းက မြန်မာ့အလင်းသတင်းစာတိုက်က စာတည်းမှူးချုပ်ရဲ့ တာဝန်ပေးချက်အရ ကိုယ်တိုင်သွားရောက်ပြီး သတင်းယူခဲ့ပါတယ်။ နေ့စဉ်လည်း သတင်းအဆက်မပြတ်ပေးပို့ခဲ့ပြီး ဆက်သွယ်ရေးခက်ခဲလို့ အင်တာနက်မိတဲ့နေရာကို ပြန်ပြန်ပြီး လာသတင်းပို့နေရတာ အလွန်ပင်ပန်းခဲ့ပါတယ်။ အခုတော့ သတင်းနဲ့စာနယ်ဇင်းနှစ်ပတ်လည်မှာ ကျွန်တော် ဂုဏ်ပြုဆုရလို့ ဝမ်းသာပါတယ်။ ကျွန်တော်က အသက်(၁၈)နှစ်ကတည်းက ဗိုလ်တထောင်၊ မြန်မာ့အလင်းနဲ့ ဟံသာဝတီတို့မှာ သတင်းပေးပို့လာခဲ့တာ အခုဆိုရင် နှစ်လေးဆယ်ကျော်ခဲ့ပါပြီ။ နယ်ကလူတွေက သူတို့နယ်က ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးသတင်းတွေပါရင် သိပ်ဝမ်းသာကြသလို သတင်းစာကိုပိုပြီး ဖတ်ချင်ကြတယ်။ မြန်မာ့အလင်းက နယ်သတင်းကဏ္ဍ အားကောင်းလို့ ကျွန်တော်ကိုယ်တိုင်လည်း သတင်းထောက်အနေနဲ့ ပေးပို့သလို ကိုယ်စားလှယ်လည်း ရယူထားပြီး သီပေါမြို့နယ်မှာ ဖြန့်ဝေပါတယ်။

ဘယ်အစိုးရတာဝန်ယူယူ သတင်းစာတွေက ကျေးလက်ဒေသက ပြည်သူတွေအတွက် ဆက်လက်ရပ်တည်ပေးနေရဦးမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ဆီမှာ အခြားသတင်းစာတွေရောက်ပေမယ့် အခွင့်အလမ်းက မြန်မာ့အလင်း၊ ကြေးမုံကများတယ်။ သတင်းစာတိုက်တွေကလည်း ငယ်စဉ်ကတည်းက ကျွန်တော့် အသက်မွေးဝမ်းကျောင်း မိသားစုလို ဖြစ်နေပါပြီ။ အခြား သတင်းစာတွေ ဘယ်လောက်ဖတ်ရဖတ်ရ အစိုးရသတင်းစာကတော့ လက်လွှတ်လို့မရသေးပါဘူး။ လိုအပ်တာလေးရှိရင်၊ ကိုးကားချင်တာလေးရှိရင် သတင်းစာနှစ်စောင်ကို အားကိုးနေရဆဲပါပဲ။

**ဒေါ်သူဇာနွယ်**
**ဖျာပုံမြို့နယ်သတင်းထောက်**

နယ်တွေမှာ ပုဂ္ဂလိကရော အစိုးရသတင်းစာတွေရော အားလုံးရောက်နေကြတယ်။ လူတွေလည်းဖတ်ကြတယ်။ ဒါပေမယ့် မြန်မာ့အလင်း၊ ကြေးမုံကို လူတိုင်းမပစ်ပယ်နိုင်ကြသေးပါဘူး။ အဓိကကတော့ ဌာနဆိုင်ရာက သတိပေးချက်တွေ၊ တားမြစ်ချက်တွေ၊ အသိပေးခြင်းတွေ၊ ကျန်းမာရေး၊ ပညာရေးသတင်းတွေနဲ့ ကြေညာချက်တွေ၊ ဥပဒေတွေ စတာတွေအားလုံးက ဒီသတင်းစာတွေထဲမှာပဲ ရှိနေတာကြောင့်ဖြစ်ပါတယ်။

နိုင်ငံပိုင်သတင်းစာ ဆက်လက်တည် ရှိခြင်း၊ မရှိခြင်းကတော့ သတင်းထောက်တွေရဲ့ သတင်းတင်ဆက်ပုံ၊ သတင်းစာရဲ့မူဝါဒနဲ့ လွတ်လပ်ခွင့်အပေါ်မှာ မူတည်တယ်လို့ ထင်ပါတယ်။ ကျွန်မသတင်းရေးလာတာ ၁၆ နှစ်ရှိခဲ့ပါပြီ။ ကိုယ့်ဒေသမှာ လိုအပ်တဲ့အရာတွေ၊ ပြောင်းလဲသင့်တဲ့အရာတွေကို အပြင်သတင်းစာတွေ မှာရေးတာနဲ့ အစိုးရသတင်းစာတွေမှာ ရေးတာနဲ့ ရလဒ်ချင်းမတူပါဘူး။ ဖြေရှင်းပေးပုံချင်းမတူပါဘူး။ အစိုးရသတင်းစာမှာ ပါလိုက်ရင် အမြန်ဆုံးပြောင်းလဲလာပါတယ်။ ရေးသားတဲ့အခါမှာလည်း အားလုံးဖတ်ပြီးတဲ့အတိုင်း ဘက်မလိုက်မျှတစွာနဲ့ရေးနေကြပါပြီ။ ဥပမာပြောရရင် မြန်မာ့အလင်းကထင်သာမြင်သာ ကဏ္ဍမှာသာ ပါပြီးသွားရင် အမြန်ဆုံးပြုပြင်ကြတော့တာကို နယ်တွေမှာ အများကြီး သတိထားမိပါတယ်။ အခုထက်ပိုပြီးစနစ်ကျတဲ့တင်ဆက်ပုံ၊

**စာမျက်နှာ ၁၂ သို့ ***

*စာမျက်နှာ ၁၁ မှ

စာနယ်ဇင်းကျင့်ဝတ်သိက္ခာနဲ့အညီ ပိုမိုပြည့်စုံအောင် တင်ဆက်နေမယ်ဆိုရင် ပြည်သူအတွက် အစဉ်အားကိုးရာဖြစ်နေရမှာပါ။ အရင်ခေတ်တွေကလို နာရေးပဲဖတ်တယ်ဆိုတာ အခုခေတ်မှာ မရှိတော့ဘူးလို့ ကျွန်မယုံကြည်ပါတယ်။ အဲဒီခေတ်က ကျန်နေခဲ့ပြီလို့ ထင်ပါတယ်။

**ဦးတင်ဝင်း**
**ကြည့်မြင်တိုင်မြို့နယ်သတင်းထောက်**

အပြင်သတင်းစာတွေမှာလည်း ရေးသားပါတယ်။ မြန်မာ့အလင်းနဲ့ ကြေးမုံမှာလည်း သတင်းတွေရေးပါတယ်။ ကျွန်တော်က မြို့နယ်သတင်းထောက်ဆိုပေမယ့် အမာခံသတင်းထောက်ဖြစ်နေတော့ မီးလောင်တာဖြစ်ဖြစ်၊ သဘာဝဘေးဖြစ်ဖြစ် အရေးပေါ်သတင်းတွေမှာ စာတည်းမှူးချုပ်က လှမ်းပြီးခိုင်းတတ်တယ်။ ကျွန်တော်ကလည်း အချိန်မရွေးကြိုးစားပေးပို့လို့ အခြားတိုက်တွေထက် မသာတောင် မလျော့ဘဲ တင်ဆက်နိုင်ခဲ့ပါတယ်။ ဒီနှစ်က ကျွန်တော် သတင်းနဲ့စာနယ်ဇင်းကပေးတဲ့ဆု သုံးကြိမ်မြောက်ရတဲ့နှစ် ဖြစ်ပါတယ်။ သတင်းပုဒ်ရေအများဆုံးရေးသားဖော်ပြခံရမှုဆုကို ရရှိတာပါ။

သတင်းတစ်ခုဖြစ်လာရင် အခြားပုဂ္ဂလိကသတင်းစာတိုက်တွေထက် နိုင်ငံပိုင်သတင်းစာတွေက နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့တာကြောင့် မြို့နယ်သတင်းထောက်အရေအတွက် ပိုများသလို လက်တံလည်း ပိုရှည်ပါတယ်။ အမှန်တကယ် အသုံးချနိုင်မယ်ဆိုရင် အများကြီးတိုးတက်ဖို့ ရှိပါတယ်။ သတင်းထောက်တွေကို အရည်အသွေးမြှင့်ပေးနိုင်မယ်၊ တည့်မတ်စွာ ဆောင်ရွက်ပေးနိုင်မယ့် အယ်ဒီတာတွေရဲ့ အရည်အသွေးတွေ၊ အားထုတ်မှုတွေ ပိုလိုက်မယ်ဆိုရင် မြန်မာ့အလင်းနဲ့ကြေးမုံက အများကြီး အကျိုးပြုမယ်လို့ထင်ပါတယ်။

**ဦးခင်မောင်စိုး**
**သရက်မြို့နယ်သတင်းထောက်**

အစိုးရသတင်းစာတွေ ရှိသင့်ပါတယ်။ ဒါမှလည်း အခုတက်လာမယ့် အစိုးရ ဘယ်လိုအလုပ်လုပ်နေတယ်။ ဘာတွေထူးခြားနေတယ်ဆိုတဲ့ နိုင်ငံရဲ့အခြေအနေကို အမှန်အတိုင်း ကျွန်တော်တို့ သိရမှာပါ။ အပြင်သတင်းစာတွေက တိုက်တိုင်းမှာ မူဝါဒတွေရှိတယ်။ သူ့တိုက်၊ သူ့မူဝါဒနဲ့သူ တည်းဖြတ်ဖော်ပြမယ်ဆိုရင် အားလုံးကျွန်တော်တို့ ဘယ်ကနေ သိရဖို့ရှိမလဲဆိုတဲ့ ပြဿနာရှိပါတယ်။ သို့သော် ပြည်သူတွေရဲ့ အသံတွေကိုလည်း ပကတိအတိုင်းဖော်ပြပေးပါလို့ တောင်းဆိုလိုပါတယ်။ ဒါမှလည်း အားကိုးရတဲ့သတင်းစာ ဖြစ်လာမှာပါ။



ဦးခင်မောင်စိုး။

**ဦးလွင်(ဆွာ)**
**ဆွာမြို့နယ်သတင်းထောက်**

မြန်မာ့အလင်းက လူကြီးပိုင်းနဲ့ လူလတ်ပိုင်းပရိသတ်တွေအကြိုက် များပြီး ကြေးမုံကတော့ လူငယ်တွေအကြိုက် ပေါ့ပေါ့ပါးပါးရှိတယ်လို့ ခံစားရပါတယ်။ သတင်းတွေက အရင်ကထက်စာရင် လတ်ဆတ်လာတယ်ဗျ။ မနက်လင်းတာနဲ့ ကျွန်တော်တို့ဆီမှာတော့ သတင်းစာ မျှော်နေကြတယ်။ အခုအချိန်ကလည်း နောက်အစိုးရ တက်လာခါနီးဆိုတော့ ဘာတွေထူးသလဲ၊ ဘာတွေလုပ်နေပြီလဲ အသေအချာသိရဖို့ နိုင်ငံပိုင်သတင်းစာပဲ အားကိုးနေရတာပါ။ နိုင်ငံပိုင်သတင်းစာတွေ အသွင်တစ်မျိုးနဲ့သွားမယ်ဆိုပြီး တက်လာမယ့် ပြန်ကြားရေးဝန်ကြီးအသစ်ကလည်း မနေ့က အင်တာဗျူးဖြေထားတာ ဖတ်ရပါတယ်။



ဦးကျော်ဇေယျာမြင့်။

ကျွန်တော်မြင်တွေ့ချင်တဲ့ အသွင်သဏ္ဌာန်ကတော့ ပြည်သူကို အကျိုးပြုတဲ့ သတင်းစာတွေအဖြစ် သူတို့ကိုယ်တိုင်လည်း မားမားမတ်မတ်ရပ်တည်မယ်၊ ပုဂ္ဂလိကသတင်းစာတွေဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း ကြိုဆိုမယ်၊ တိုင်းရင်းသားမီဒီယာတွေလည်း ပိုပြီးပါဝင်လာအောင် စွမ်းဆောင်ပေးမယ့် သတင်းစာတွေ ဖြစ်လာမယ်လို့ ယုံကြည်ထားပါတယ်။

**ဦးကျော်ဇေယျာမြင့်**
**ကြေးမုံသတင်းစာ**

နောက်အစိုးရလက်ထက်မှာ လက်ရှိသတင်းစာတွေ ကောင်းသွားဖို့အတွက်ဆို အဓိက ကတော့ မူဝါဒချမှတ်မယ့်သူနဲ့ အကောင်အထည်ဖော်မယ့်သူတွေကို ခွဲထုတ်ဖို့လိုအပ်မယ်လို့ထင်ပါတယ်။ မူဝါဒချမှတ်သူက မူဝါဒကိုချမှတ်ပြီး ဒါက မှန်သလား၊ ဘယ်ဟာပြင်သင့်သလဲဆိုတာကို တတ်ကျွမ်းသူတွေနဲ့ ပြန်လည်ပြင်ဆင်ပါ၊ ဆွေးနွေးတိုင်ပင်ပါ။ ပြီးရင် အဲဒီမူဝါဒအတည်ဖြစ်ပြီဆိုတာနဲ့ ကျင့်သုံးမယ်ဆိုရင် ကျွန်တော်တို့ သတင်းစာတွေဟာ အစိုးရသတင်းစာဖြစ်ဖြစ်၊ နိုင်ငံပိုင်သတင်းစာဖြစ်ဖြစ် ပိုပြီးကောင်းလာဖို့ သေချာပါတယ်။ သတင်းစာတိုက်က အယ်ဒီတာတွေအနေနဲ့လည်း Road Map ဖြစ်သွားတဲ့အတွက် ရဲရဲဝံ့ဝံ့ လျှောက်လှမ်းသွားမှာပါပဲ။ ဒီလိုလုပ်ရင်း လွဲသွားရင်လည်း တာဝန်ယူမှု တာဝန်ခံမှု အဆင့်ဆင့်ရှိပြီးသားဆိုတော့ နှစ်ဖက်အဆင်ပြေမှာပါ။

မူဝါဒချမှတ်သူက မူဝါဒကိုကျော်ပြီး အယ်ဒီတာလွတ်လပ်ခွင့်ကို ထိပါးလာမယ်ဆိုရင် အယ်ဒီတာတွေအနေနဲ့ လုပ်ရကိုင်ရတာ မလွယ်ကူသလို သတင်းထောက်တွေလည်း သတင်းရေးသားရာမှာ အခက်အခဲရှိလာနိုင်ပါတယ်။ အယ်ဒီတာလွတ်လပ်ခွင့်ကိုအပြည့် အဝပေးထားမယ်ဆိုရင် အယ်ဒီတာတွေလည်း ကြိုးစားဖို့ အခွင့်အလမ်းရှိလာမှာဖြစ်သလို မူဝါဒချမှတ်တဲ့သူတွေအနေနဲ့လည်း ခိုင်မာပြတ်သားတဲ့ လမ်းကြောင်းဖော်ဆောင်သူတွေအဖြစ် မြင်တွေ့ရနိုင်တာမို့ နောက်အစိုးရလက်ထက်မှာ ဒါတွေလိုအပ်လာမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ သတင်းနဲ့စာနယ်ဇင်းက ဝန်ထမ်းတွေက အရည်အသွေးမနိမ့်ကျပါဘူး။ မီးခဲပြာဖုံးတဲ့ အနေအထားတွေပါ။ အားလုံးကို တတ်ကျွမ်းတဲ့ အတတ်ပညာအလိုက် ပြုစုပျိုးထောင်ပေးမယ်၊ တာဝန်ယူခွင့်၊ တာဝန်ခံခွင့်သာ ပေးမယ်ဆိုရင် အားလုံးကြိုးစားကြပြီး ပိုမိုတိုးတက်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ လိုအပ်ချက်တွေကတော့ အများကြီးပါပဲ။ သတင်းဌာနကို အားဖြည့်ဖို့လိုအပ်သလို အရည်အသွေးပိုင်းတွေမြှင့်တင်ဖို့လည်း လိုအပ်ပါတယ်။ လူမှန်နေရာမှန်တည့်မတ်ပေးပြီးသွားရင် ဒီထက်မက မြန်မာ့အလင်း၊ ကြေးမုံ တိုးတက်ထွန်းတောက်သွားမယ်ဆိုတာ ရဲရဲယုံကြည်တယ်။

နိုင်ငံပိုင်သတင်းစာများဖြစ်သည့် နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ မြန်မာ့အလင်းနှင့် နှစ်ပေါင်း ၆၀ ဝန်းကျင် သက်တမ်းရှိ ကြေးမုံသတင်းစာတို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၁၈) နှစ်ပြည့် နှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် အသွင်သစ်ဖြင့် ပြည်သူ့အကျိုးပြုနိုင်ပါစေဟု မျှော်လင့်ယုံကြည်မိပါသည်။

✪

# ယခုနှစ်အတွက် ကန်းထရီးတေးဂီတဆုပေးပွဲ၏ ကနဦးဆုရသူများအား ထုတ်ပြန်ကြေညာ

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ကန်းထရီးတေးဂီတလောကမှ ထူးချွန်တဲ့ အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေကို ဆုရွေးချယ်ပေးအပ်တဲ့ ကန်းထရီးတေးဂီတဆုပေးပွဲ (Academy of Country Music Awards)ရဲ့ ၂၀၁၆ ခုနှစ်အတွက် ဆုရရှိသူအချို့ရဲ့ အမည်တွေကို အဆိုပါဆုရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ကြောင်း အေ့စ်ရှီးဘေ့ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းဆုပေးပွဲကို လာမယ့် ဧပြီ ၃ ရက် ညပိုင်းမှာ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်၌ ကျင်းပသွားမှာဖြစ်ပါတယ်။ ယခုနှစ်ရဲ့ အဆိုပါဆုပေးပွဲအတွက် ကနဦးဆုရရှိတဲ့သူတွေကို ထုတ်ပြန်ကြေညာခဲ့ရာမှာတော့ အကောင်းဆုံးအမျိုးသားတေးသံရှင်ဆုကို ခရစ်စတက်လက်တန်က ရရှိခဲ့ပြီး အကောင်းဆုံးအမျိုးသမီးတေးသံရှင်အဖြစ် ကယ်လ်စီး ဘောလာရီနီ အရွေးချယ်ခံရကာ အကောင်းဆုံး တေးဂီတအဖွဲ့ဆုကို "Old Dominion"က ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။




ပထမဦးဆုံးအကြိမ် အကယ်ဒမီဆုကိုရရှိခဲ့တဲ့ ကန်းထရီးတေးသံရှင် ဘောလာရီနီက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဆုရရှိခဲ့တဲ့အတွက် အံ့သြဝမ်းသာဖြစ်ခဲ့ရတဲ့ သူ့ရဲ့ပုံရိပ်တွေကို ထုတ်ဖော်ပြသခဲ့ပြီး ယခုလို ဆုရရှိခဲ့တဲ့အတွက် သူနှလုံးသားတစ်ခုလုံး ပေါက်ကွဲမတတ်ခံစားနေရကြောင်းလည်း ရေးသားဖော်ပြခဲ့ပါတယ်။

ယခုနှစ်မှာ ကျင်းပမယ့် (၅၁)ကြိမ်မြောက် ကန်းထရီးတေးဂီတ ဆုပေးပွဲကြီးကို လုခ်ဘရိုင်ယန်နဲ့ ဒီအာ့စ်ဘန့်လေးတို့က လက်ခံကျင်းပပေးသွားမှာဖြစ်ပြီး အဆိုတော် ကတ်တီပယ်ရီနဲ့ ဒေါ်လီပါတန်တို့ ပါဝင်ဖျော်ဖြေတင်ဆက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အခြားသော အနုပညာရှင်တွေဖြစ်ကြတဲ့ ကာရီအန်ဒါဝုဒ်၊ စတက်လက်တန်နဲ့ ဘောလာရီနီတို့လည်း ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း သိရပါတယ်။

❖

**အေး**
**ပြည့်**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၆ - ၃ - ၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -မိုးလေဝသအစီအစဉ် |
| ၆း၁၀ | တေးဂီတအစီအစဉ် |
| ၆း၄၀ | ကတ်ဆက်ဇာတ်လမ်း "ကပ်မလိုက်နဲ့ ပုသွားမယ်" |
| ၇း၅၀ | Special Movie " Lord of War " |
| ၉း၅၀ | မြန်မာဗီဒီယိုဇာတ်လမ်း "နှလုံးသားနဲ့ စစ်တာဝန်" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏။ |

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၄၀ | "ချမ်းသာချင်ရင် အသင့်ပြင်" တရားတော်[ဆရာတော် အရှင်တိက္ခသာရ(သီတဂူ)] |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (CAISOME Sport Stacking Championships 2016) |
| ၈း၀၀ | Cartoon Series (Welcome To Sky Ville) |
| ၉း၀၀ | Drive It |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၁) |
| ၁၀း၂၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၅ | Star တို့ရဲ့လက်ရာ |
| ၁၁း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၅၁+၅၂) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စိတ်၏စေရာ (အပိုင်း-၂)] |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၃) |
| ၃း၅၀ | Fashion Week |
| ၄း၃၅ | ၂၀၁၅ ခုနှစ်ရုံတင် ဇာတ်ကားများအား ပြန်လည်ခံစားခြင်း |
| ၅း၀၀ | သွားစို့တူပျော် မော်တင်စွန်း ဘုရားပွဲတော် |
| ၅း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၄) |
| ၇း၀၀ | နေမဝင်ဆည်းဆာ အနုပညာပွဲတော် (LIVE) |
| ၁၁း၀၀ | Forever Music Tribute ထူးအိမ်သင် (အပိုင်း-၅) |
| ၁၁း၄၅ | MRTV-4 Stage |
| ၁း၁၅ | World of Knowledge (One Ocean Changing Sea) |
| ၂း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၁) |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၀ | မေတ္တာပို့ |
| ၆း၁၆ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၂၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၀၇ | မျိုးချစ်တပ်မတော် |
| ၁၁း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - ဖီလင် မြင့်မြတ်၊ စိုးမြတ်သူဇာ၊ မိုးပြည့်ပြည့်မောင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ ဝိုင်း |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသခ်ျေ အပိုင်း(၄၆) |
| ၁၄း၃၀ | သံစဉ်များနှင့်ကမ္ဘာ |
| ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၇) |
| ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောဧကရီ အပိုင်း(၁၃) - လူ့ရှင်တော်စတား - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် (၇၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် အညတရမိုးကောင်းကင် ဝေဠုကျော်၊ နေဒွေး၊ မိုးလရောင်၊ မေသဥ္ဇာဦးနှင့်သရုပ်ဆောင်များ ဒါရိုက်တာ တင်အောင်စိုး (ပန်းမြို့တော်) |

## mitv

| | |
|---|---|
| 07:26 | Great Shwedagon- Charitable Associations |
| 08:26 | Myanmar HR Conference 2015 (Part- VII) |
| 08:48 | Toddy Palm Product Shop |
| 09:26 | Myanmar Game Changers (Episode - IV) |
| 09:54 | The Storytellers |
| 10:26 | Caves of Myanmar |
| 10:51 | Cultural Show: Theatrical Make Up |
| 07:26 | A Famous Pagoda in the Sea |
| 07:55 | Today Myanmar "Community based Tourism Development" |
| 08:26 | Bogalay Tint Aung: A Man of Versatility (Part- 2) |
| 08:53 | Myanmar Masterclass: Conceptual Art |

# ဂျာဂန်ကလော့နှင့် ပြန်ပေါင်းစည်းဖို့ ပိုပြီးနီးစပ်လာတဲ့ ဂေ့ါဇီ



ဂေ့ါဇီဆိုတာ ဘောလုံးပရိသတ်တွေနဲ့ ရင်းနှီးတဲ့ ကစားသမားဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ အာဂျင်တီးနားဘက်ကို အသည်းခွဲဂိုးသွင်းယူခဲ့တဲ့ ဂျာမနီတိုက်စစ်မှူး လေးပါ။ ဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာလက်အောက်မှာ နေရာပျောက်နေတာကြောင့် မာရီယိုဂေ့ါဇီဟာ ဒေ့ါမွန်အသင်းတုန်းက လက်တွဲခဲ့တဲ့ ဆရာဟောင်း ဂျာဂန်ကလော့နဲ့ ပြန်လည်ပေါင်းစည်းဖို့ လီဗာပူးကို ပြောင်းရွှေ့ရေးခြေလှမ်းတွေ ခပ်စိတ်စိတ်လှုပ်ရှား လာပါတယ်။ ဂေ့ါဇီရဲ့ ဂျာမနီအသင်းဖော်လည်းဖြစ်၊ ဘိုင်ယန်ကစားဖော်လည်းဖြစ်သူ မူလာကတော့ သူ့အနေနဲ့ ဒီနှစ်နွေ ဂေ့ါဇီအသင်းပြောင်း၊ မပြောင်းဆိုတဲ့ကိစ္စရပ်ကို မသိပါဘူးလို့ ဆိုခဲ့ပါတယ်။ မူလာက သူဟာ ဂေ့ါဇီနဲ့ အဝတ်လဲခန်းမှာ စကားပြောတိုင်း နေရာပျောက်လို့ မပျော်မရွှင်ဖြစ်နေတဲ့ ဂေ့ါဇီရဲ့ ခံစားချက်ကိုနားလည်ပေမယ့် ဘိုင်ယန်မှာပဲ ဆက်ရှိစေချင်တယ်လို့ ဆိုခဲ့ပါတယ်။ ဂေ့ါဇီဟာ ဒေ့ါမွန်မှာရှိစဉ်က ပုံမှန်ပွဲထွက်ကစားခွင့်ရခဲ့ပြီး အနာဂတ်ရဲ့ အကောင်းဆုံးတောင်ပံတိုက်စစ်မှူးတွေထဲက တစ်ယောက်ဖြစ်လာမယ့်သူလို့ ခန့်မှန်းခဲ့ကြပေမယ့် ဘွန်ဒက်စ်လီဂါပြိုင်ဘက် ဘိုင်ယန်ကို ရောက်ရှိချိန်မှာတော့ အရာအားလုံး ပြောင်းပြန် အနေအထားရောက်သွားတယ်လို့ ဆိုရမလိုပါပဲ။ ကစားသမားကောင်းတွေမြောက်မြားစွာ ပိုင်ဆိုင်ထားတဲ့ ဘိုင်ယန်မြူးနစ်မှာ ဂေ့ါဇီ ပုံမှန်နေရာမရတာ သိပ်ဆန်းတဲ့ ကိစ္စမဟုတ်ပေမယ့် ဂွါဒီယိုလာဟာ ဂျာမန်တော်လှန်ရေးလုပ်နေတယ်လို့ စွပ်စွဲခံရတဲ့အထိ ဂျာမနီကစားသမားတွေကို နေရာပေးလေ့သိပ်မရှိတာကိုတော့ သတိပြုရမှာ ဖြစ်ပါတယ်။ ဂွါဒီယိုလာဟာ ဘိုင်ယန်ရဲ့ အဓိကကစားသမားနှစ်ဦးဖြစ်တဲ့ တိုနီခရူးစ်နဲ့ ရှဝိန်းစတိုင်ဂါတို့ကို ရီးယဲလ်မက်ဒရစ်နဲ့ မန်ယူအသင်းတွေဆီရောင်းချခဲ့သလို မူလာ၊ ဖိလစ်လမ်း၊ နျူအာ၊ ဘိုတန်တို့ကလွဲရင် ကျန်ဂျာမန် ကစားသမားတွေကို အရန်ခုံပို့ပစ်တယ်လို့ စွပ်စွဲခံထားရပါတယ်။

ဒါကြောင့်လည်း ဂေ့ါဇီက သူနဲ့ နှစ်ပေါင်းများစွာလက်တွဲခဲ့ဖူးတဲ့ ဂျာဂန်ကလော့နဲ့လက်တွဲပြီး ကစားသမားဘဝကို အောင်မြင်အောင်တည်ဆောက်ဖို့ ပြန်လည်ကြိုးပမ်းလာတာဖြစ်ပါတယ်။ ဂျာမနီလက်ရွေးစင်နည်းပြ ဂျိုအားချင်လိုက ကလပ်အသင်းမှာ ပုံမှန်ပွဲထွက်ခွင့်မရရှိသူ တစ်ယောက်ကို လက်ရွေးစင်အသင်းအတွက် ခေါ်ယူပေးခဲ့တာကတော့ သူ့အတွက် ကံကောင်းမှုတစ်ခုလို့ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဂွါဒီယိုလာဟာ ဒီနှစ် နွေကျရင် မန်စီးတီးကို ပြောင်းလဲကိုင်တွယ်မှာဖြစ်လို့ ဂေ့ါဇီအနေနဲ့ အခြေအနေစောင့်ကြည့်သင့်တယ်လို့ သုံးသပ်သူတွေလည်းရှိနေပါတယ်။ ဂေ့ါဇီကတော့ ဒီလိုသတင်းတွေ ထွက်နေတာကို တိတိကျကျ မတုံ့ပြန်ပေမယ့် လီဗာပူးကိုရောက်ဖို့ လုံးဝကိုသေချာနေပြီလို့ အင်္ဂလန်မီဒီယာတွေက အတိအကျကို ရေးသားလာကြပါတယ်။ ဒါကြောင့် ဂေ့ါဇီနဲ့ ဂျာဂန်ကလော့တို့ ပေါင်းစည်းချိန် တဖြည်းဖြည်းနီးစပ်လာခဲ့ပြီလို့ ယူဆရပါတယ်။

# မန်ယူရဲ့ ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့သည်ဟု အန်ဒါဆင်ဖွင့်ဟ



လာဇီယိုကွင်းလယ်ကစားသမား ဖိလစ်ပီ အန်ဒါဆင်က ပြီးခဲ့သည့်နွေဈေးကွက်တွင် မန်ယူအသင်းမှ မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းခဲ့သော်လည်း လာဇီယိုအတွက်သာ ဆက်လက်ကစားပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ လာဇီယိုအသင်း အားကစားဒါရိုက်တာ အစ်ဂလီတဲလ်က မန်ယူအသင်းသည် အန်ဒါဆင်အတွက် ယူရိုသန်း ၅၀ ဖြင့် ကမ်းလှမ်းခဲ့သည်ဟု ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ပထမဦးဆုံးအကြိမ် ထုတ်ဖော်ပြောကြားပြီးနောက် ယခု ဒုတိယအကြိမ်အဖြစ် ကစားသမားကိုယ်တိုင်က ပြောကြားလိုက်ခြင်းဖြစ်သည်။ အန်ဒါဆင်အနေဖြင့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေပြီး မြင့်မားသည့်လုပ်ခလစာက အကောင်းဆုံးသော ဆွဲအားတစ်ရပ်ဖြစ်နေကြောင်း အီတလီအားကစားစာစောင်များက အကျယ်တဝင့်ရေးသားနေကြသည်။

သို့သော် အန်ဒါဆင်က အပြောင်းအရွှေ့ကာလရောက်တိုင်း သူ၏ အနာဂတ်ကိစ္စကို ရေးသားနေကြသည်မှာ အစဉ်အလာတစ်ရပ်ဖြစ်နေသော်လည်း ယခုထိ ကလပ်အသင်းအတွက်သာ အကောင်းဆုံးပေးဆပ်သွားရေး အာရုံစိုက်ထားကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။ ထို့ပြင် ၎င်းအား ဥရောပအင်အားကြီးကလပ်အသင်း သုံးသင်းထက်မနည်း ခေါ်ယူရန် ချိတ်ဆက်နေသော်လည်း သူ၏အဓိကရည်မှန်းချက်နှစ်ရပ်မှာ ဘရာဇီးအသင်းအတွက် အိုလံပစ်ရွှေတံဆိပ်ဆု ဆွတ်ခူးပေးရေးနှင့် လာဇီယိုအသင်း ယခုထက် ရလဒ်ပိုင်းပိုမိုတိုးတက်လာရေးပင်ဖြစ်ကြောင်း ဖွင့်ဟလိုက်သည်။

မန်ယူအသင်းသည် ပီအက်စ်ဂျီမှ ရာသီကုန်တွင် ထွက်ခွာတော့မည့် ဝါရင့်တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်အပြင် တောင်ပံတိုက်စစ်မှူး ကာဗာနီ၊ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်၊ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းတို့ကိုလည်း ခေါ်ယူရန် ချိတ်ဆက်နေသော်လည်း ယခုထိ သဘောတူညီချက်တစ်စုံတစ်ရာ မရရှိသေးပေ။ မိုဗစ်ချ်မှာ မန်ယူထက် သူ၏ ကစားဟန်နှင့် ပိုမိုအံဝင်မည့် အာဆင်နယ်ကိုသာ ရွေးချယ်ရန် စိတ်ဝင်စားနေပြီး ကျန်ကစားသမား သုံးဦးမှာလည်း လက်ရှိကလပ်အသင်းများမှ ထွက်ခွာရန် ဆန္ဒမရှိကြပေ။ ထို့ကြောင့် မန်ယူတိုက်စစ်ကစားသမားများဖြစ်သည့် ဟာနန်ဒက်ဇ်၊ ဗန်ပါစီတို့အား ထွက်ခွာခွင့်ပေးခဲ့သည့် ဗန်ဟားလ်၏ ဆုံးဖြတ်ချက်မှာ အငြင်းပွားဖွယ်ဖြစ်နေပြီး ရွှန်းနီ၊ မာရှယ်လ်နှင့် ရက်ရှ်ဖို့ဒ်တို့ကိုသာ ဆက်လက်အသုံးပြုရဖွယ်ရှိသည်။

## ယူရို-၂၀၁၆ ပြိုင်ပွဲဝင် ပြင်သစ်အသင်းအတွက် ဘင်ဇီမာအား ပြန်လည်ခေါ်ယူရန် ပြင်သစ်သမ္မတ ဆန္ဒရှိနေ

ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာသည် ပြင်သစ်အသင်းဖော် ဗယ်လ်ဘူနာ၏ လိင်ကိစ္စ ဗီဒီယိုငွေညှစ်ခြိမ်းခြောက်မှု၌ ပါဝင်ပတ်သက်ခဲ့သည်ဟုစွပ်စွဲခံရပြီးနောက်ပိုင်း ပြင်သစ်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရခြင်းမရှိတော့သော်လည်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းကမူ ယူရို-၂၀၁၆ ပြိုင်ပွဲဝင် ပြင်သစ်အသင်းအတွက် ဘင်ဇီမာအား ပြန်လည်ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။ ဘင်ဇီမာသည် ယခုထိ စုံစမ်းစစ်ဆေးခံနေရဆဲအနေအထားတွင် ရှိနေပြီး အမှုမှကွင်းလုံးကျွတ်မလွတ်သေးမီ ပြင်သစ်အသင်းအတွက် ရွေးချယ်မည်မဟုတ်ဟု ပြင်သစ်နည်းပြ ဒီဒီယာဒက်ချွမ့်စ်က ပြောကြားထားပြီးဖြစ်သည်။

သို့သော် ပြင်သစ်အပတ်စဉ်ထုတ်သတင်းစာ လကာန်ဒါ အန်ချိကာ "ပြင်သစ်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဓိပ္ပာယ်မရှိသည့် လုပ်ရပ်များကို ရပ်တန့်သင့်ပြီး ဘင်ဇီမာအား နိုင်ငံ့လက်ရွေးစင်အသင်းအတွက် ပြန်လည်ခေါ်ယူရန် သမ္မတဟော်လန်းကပင်အလိုရှိနေသည်" ဟု ရေးသားခဲ့သည်။ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ နိုဝယ်မှာ သမ္မတ ဟော်လန်းနှင့် အလွန်ရင်းနှီးသည့်ဆက်ဆံရေးရှိသူဖြစ်ပြီး ဘင်ဇီမာအား ပြင်သစ်အသင်းအတွက် ပြန်လည်ခေါ်ယူမည်၊ မခေါ်ယူမည်ဆိုသည်ကို ဧပြီ ၁၅ ရက်မတိုင်မီ အတည်ပြုသွားမည်ဖြစ်ကြောင်း ယင်းစာစောင်ကပင် ဆက်လက်ဖော်ပြခဲ့သည်။ ဘင်ဇီမာနှင့်နီးစပ်သူများ၏ အဆိုအရ ဘင်ဇီမာမှာ ယင်းဆုံးဖြတ်ချက်အပေါ် စိတ်လှုပ်ရှားနေပြီး ပြင်သစ်လက်ရွေးစင်ကစားသမားဘဝအတွက် လက်လျှော့မည်မဟုတ်ကြောင်း သိရသည်။

## အင်္ဂလန်၏ နံပါတ်(၁)ဂိုးသမားနေရာကို ရယူနိုင်မည်ဟု ဂျက်ဘက်လန်းယုံကြည်မှုပြင်းထန်

စတုတ်စီးတီးဂိုးသမား ဂျက်ဘက်လန်းက ယူရိုပြိုင်ပွဲဝင် အင်္ဂလန်အသင်း၏ ဝါရင့်ဂိုးသမားဂျိုးဟတ်ကိုနောက်ကောက်ချ၍ နံပါတ်(၁) ဂိုးသမားနေရာကို ရယူနိုင်မည်ဟု ယုံကြည်မှုအပြည့်ရှိကြောင်း ဖွင့်ဟပြောကြားလိုက်သည်။ ဘက်လန်းမှာ အသက်(၁၉)နှစ်အရွယ် ၂၀၁၂ ခုနှစ် ဩဂုတ်လ၌ အီတလီအားရင်ဆိုင်ခဲ့သည့်ပွဲတွင် အင်္ဂလန်အတွက် ပွဲဦးထွက် ဝင်ရောက်ကစားခွင့်ရခဲ့ပြီးနောက် ယခုဂျာမနီနှင့်ပွဲတွင်လည်း စတုတ္ထအကြိမ်အဖြစ် ပွဲထွက်ခွင့်ရရန် မျှော်လင့်နေခြင်းဖြစ်သည်။

ဂျိုးဟတ်သည် မန်ယူနှင့် ကစားခဲ့သည့်ပွဲတွင် ခြေသလုံးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဂျာမနီ၊ ဟော်လန်တို့အား ရင်ဆိုင်မည့်ပွဲများတွင် ဝင်ရောက်ကစားပေးနိုင်မည်မဟုတ်သော်လည်း အင်္ဂလန်နည်းပြ ရွှိုင်းဟော့ဂ်ဆန်က ဂျာမနီမြေသို့ နံပါတ်(၁)ဂိုးသမားအဖြစ် ခေါ်ယူသွားခဲ့သည်။ နည်းပြ ရွှိုင်းဟော့ဂ်ဆန်သည် မန်စီးတီးဂိုးသမား ဂျိုးဟတ်၊ စတုတ်စီးတီး ဂိုးသမား ဂျက်ဘက်လန်းနှင့် ဆောက်သမ်တန်ဂိုးသမား ဖော်စတာတို့အား အင်္ဂလန်ဂိုးအသင်းအတွက် ရွေးချယ်လေ့ရှိသော်လည်း ဘက်လန်းမှာ နံပါတ်(၂) ဂိုးသမားအဖြစ်သာ အသုံးပြုခံရသူဖြစ်သည်။

သို့သော် ဘက်လန်းက မကြာသေးမီလများအတွင်း ပြသနိုင်ခဲ့သော သူ၏လက်စွမ်းမှာ ဂျိုးဟတ်ကိုပင် အရန်ခုံသို့ ပို့နိုင်လောက်ကောင်းမွန်ခဲ့သည်ဟု ယုံကြည်ထားသည်။ ဘက်လန်းက "ဘယ်ဟာမဆို တစ်သမတ်တည်း မတွက်သင့်ပါဘူး။ ကျွန်တော်ဟာ အကောင်းဆုံးလက်စွမ်းရှိသူဖြစ်သလို ဖော်စတာကလည်း ခြောက်ပွဲတောင်ပေးဂိုးလုံးဝမရှိအောင် လက်စွမ်းပြထားတဲ့သူပါ။ ဒါ့ကြောင့် ဂျိုးဟတ်ရဲ့နေရာကို ကျွန်တော်တို့နှစ်ယောက်က အကောင်းဆုံး ဖြည့်စွမ်းပေးနိုင်ပါလိမ့်မယ်။ ကျွန်တော့်လက်စွမ်းကလည်း ပထမဂိုးသမားဖြစ်ဖို့ လုံလောက်တယ်ဆိုတာ နည်းပြရော ပရိသတ်တွေပါ သိကြမှာပါ" ဟု အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

## ဆွာရက်ဇ်အားရင်ဆိုင်ရမည့်အတွက် နေမာ စိတ်လှုပ်ရှား

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် တောင်အမေရိကဇုန်၌ ဘရာဇီးနှင့် ဥရုဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ နေမာက ဘာစီလိုနာအသင်းဖော် ဆွာရက်ဇ်အား ပြိုင်ဘက်တစ်ဦးအသွင် ပြန်လည်ရင်ဆိုင်ရမည်ဖြစ်သဖြင့် စိတ်လှုပ်ရှားမိကြောင်း ဆိုခဲ့သည်။ နေမာမှာ အစောပိုင်းဒဏ်ရာပြဿနာ အနည်းငယ်ရှိနေခဲ့သည်ဟု ပြောကြားသော်လည်း ယခုအခါ ဥရုဂွေးအား ရင်ဆိုင်မည့်ပွဲစဉ်အတွက် အသင့်ရှိနေပြီဖြစ်သည်။

ဆွာရက်ဇ်မှာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီတလီနောက်ခံလူ ချီလီနီအား ကိုက်ခဲ့ခြင်းကြောင့် ကာလကြာရှည် ပွဲပယ်ပြစ်ဒဏ်ကျခံနေရပြီးနောက် ပွဲပယ်ပြစ်ဒဏ်မှ လွတ်မြောက်လာမည့် ပထမပွဲစဉ်မှာပင် နေမာအား ရင်ဆိုင်ရတော့မည်ဖြစ်သည်။ နေမာက ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ကာလကြာရှည် နားလည်မှုရှိသူနှစ်ဦး ကာလကြာရှည် ပြိုင်ဘက်အသွင်ဖြင့် ရင်ဆိုင်ရမည်ဖြစ်၍ အင်မတန် စိတ်လှုပ်ရှားမိကြောင်း၊ ယင်းပွဲစဉ်က နှစ်သင်းစလုံးအတွက် အရေးကြီးသဖြင့် တိုက်စစ်ဖွင့်ကစားကြမည်ဖြစ်ရာ ဘောလုံးပရိသတ်များအတွက် ရသအပြည့်ပေးမည့်ပွဲဖြစ်လာမည်ဖြစ်ကြောင်း သတင်းပေးခဲ့သည်။

မေလဲ့သင်း-စုစည်းဖော်ပြသည်

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**ကြုံလေ ဘုံပွေ**

ပြီးခဲ့တဲ့ တနင်္ဂနွေ (၁၉-၀၃-၁၆) ညဦးမှာ မန္တလေးက ပြန်လာပါတယ်။ အချိန်လုနေရတာမို့ လေယာဉ်ကိုပဲ အားကိုးရပါတယ်။ အဲ. . . မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ဆိုတာက အများသိတော်မူတဲ့အတိုင်း မန္တလေး ရွှေမြို့တော်ကြီးကနေ ၃၅ ကီလိုမီတာ (၂၁) မိုင် ဝေးတဲ့နေရာမှာ တည်ရှိတာပါ။ ကျွန်တော့် လေယာဉ်ချိန်က လေယာဉ်လက်မှတ်ပေါ်မှာ ည ၈ နာရီ ၁၀ မိနစ်လို့ ရေးထားတာမို့ချစ်သော မန်းရွှေမြို့ကနေ ညနေ ၆ နာရီမှာ ခွာပါတယ်။

လေဆိပ်ရောက်တော့ လက်မှတ်ပြ၊ လေယာဉ်ပေါ်တက်ခွင့် လက်မှတ်ယူပြီး ကျွန်တော်တို့လည်း လေဆိပ်ထွက်ခွာဆောင်ဆီလာခဲ့ကြပါတယ်။ လမ်းမှာလူဝင်မှုကြီးကြပ်ရေးကို ဖြတ်ရတယ်။ တာဝန်ကျအရာရှိ သုံးဦးရှိတယ်။ ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေပါ။

လေဆိပ်တခုလုံးဟာ ရှင်းလင်းနေတယ်။ အခွန်လွတ်(အကောက်ခွန်လွတ်) ဆိုင်ဆိုတာတွေကလည်း ဆိုင်းဘုတ်တွေသာရှိနေပြီး ဆိုင်ခန်းတွေကိုတော့အကျအနပိတ်လို့။ စားသောက်ဆိုင်တွေလည်း အလားတူ။ နိုင်ငံခြားသားတွေက စားသောက်ဆိုင် တစ်ဆိုင်ရဲ့ အပြင်မှာချထားတဲ့ စားပွဲများပတ်လည်က ကုလားထိုင်တွေမှာ ထိုင်နေကြတယ်။ လေး ငါး ခြောက်ဝိုင်းဆိုတော့ လူ ၂၀ လောက်ရှိမှာပေါ့။

ထွက်ခွာဆောင်အဝင်မှာတော့ တာဝန်ကျရဲ သုံးဦး ရှိပါတယ်။ အေးဆေးပါပဲ။ ကျွန်တော်တို့လည်း ထွက်ခွာဆောင်ထဲ ဝင်ခဲ့ကြပြီး ဆေးလိပ်သောက်ခန်းကို တစ်ခါတည်း တန်းဝင်လိုက်ပါတယ်။ ကျွန်တော်တို့လို့ ရေးနေတာက ကျွန်တော်နဲ့ အတူ ကျွန်တော့်အိမ်သူပါ ပါလာလို့ပါပဲ။

ဆေးလိပ်သောက်ခန်းကျယ်ကြီးထဲမှာ ထိုင်စရာခုံ တစ်လုံးဆို တစ်လုံးမှ ချမထားပါဘူး။ ဆေးလိပ်သောက်သုံးသူများကို ဒဏ်ပေးချင်တဲ့ ရည်ရွယ်ချက်နဲ့များ ဖြစ်လေသလားလို့ အူကြောင်ကြောင် တွေးမိရပါတယ်။

သည်လိုနဲ့ အချိန်တွေ တရွေ့ရွေ့ကုန်တယ်ပေါ့။ ၈ နာရီသာ ထိုးသွားတယ်၊ လေယာဉ်အရိပ်အရောင်တောင် မမြင်ရဘူး။ ထွက်ခွာဆောင်ထဲမှလည်း အပေါက်က ရဲတွေကလွဲလို့ လေဆိပ်တာဝန်ခံနဲ့တူသူ ဖြူဖြူလေးတောင်မတွေ့ရဘူး။ ခရီးသည်တွေကတော့ ထွက်ခွာဆောင်အပြည့်။ ကျွန်တော်တို့စီးရမယ့် လေယာဉ်က ရန်ကုန်ကွင်းကဆိုလား၊ ဟဲဟိုးကွင်းကဆိုလား တက်တောင်မလာသေးဘူးလို့ ခရီးသည်တယောက်ကပြောနေတာ နားစွန်နားဖျား ကြားရပါတယ်။ လေယာဉ်တစ်စီးလုံး ပျောက်ပျောက်သွားတာသည် ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာကိုပဲ ထားဝယ်ကွင်းမှာ ၃-၄ ကြိမ် ကြုံဖူးထားတာမို့ အမည်မဖော်လိုသောအဲဒီ လေကြောင်းလိုင်းရဲ့ လေယာဉ်ကိုမှ စီးနေမိတဲ့ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ရင်း ကျွန်တော်လည်း ငုတ်တုတ်ဆက်ထိုင်နေလိုက်ပါတယ်။

**ဗမာ့နည်း ဗမာ့ဟန်**

လေအေးစက် စိမ့်စိမ့်အေးနေတဲ့ အခန်းထဲမှာ နာရီနဲ့ချီပြီး ထိုင်နေတာကြာလာတော့ (ကန်တော့ပါရဲ့ဗျာ) ဆီးကသွားချင်လာတယ်။ ထွက်ခွာဆောင်ထဲမှာ သန့်စင်ခန်းမရှိဘူး။ ဒါ့ကြောင့် အပြင်ပြန်ထွက်ရတယ်။ အပေါက်ကရဲလေးတွေနဲ့ အပြုံးချင်းဖလှယ်လို့ပေါ့။

သန့်စင်ခန်းရောက်လို့ အမျိုးသားဘက်တံခါးကို ဖွင့်လိုက်တဲ့အခါသော့ခတ်ထားတာကို အံ့သြတကြီး တွေ့လိုက်ရပါတယ်။ မေးစရာလည်း အနားမှာဝန်ထမ်းနဲ့တူသူ ဖြူဖြူလေးတောင်မရှိ။ ကပ်လျက်က အမျိုးသမီး ဘက်ခြမ်းကတော့တံခါးကို ဟင်းလင်းဖွင့်ထားတာမို့ အတွင်းကိုအတိုင်းသား မြင်ရတယ်။ အဲဒီ့ထဲမှာလည်း လူနဲ့ တူသူ တစ်ယောက်မှမရှိ။

အန္တရာယ် မလွယ်နိုင်တော့တဲ့အတူတူ ကျွန်တော်လည်း အဲဒီအခန်းကိုပဲ စွတ်ရွတ်ဝင်ချသွားလိုက်ပါတယ်။ အဲတော့လည်း အတွင်းက ရေအိမ်ခန်းငယ် ၆ ခန်း ၇ ခန်းလောက် ရှိရာမှာ နှစ်ခန်းကိုသာ ဖွင့်ထားပြီး ကျန်တဲ့အခန်းတွေကို ပိတ်ထားတာ တွေ့ရပြန်တယ်။

သဘောပေါက်လိုက်ပါတယ်။ သန့်ရှင်းရေးဝန်ထမ်းတွေ အပါးခိုထားတာပါ။ သူတို့ပြန်တဲ့အချိန်မှာ လေဆိပ်ကလည်း လူကခပ်ပါးပါးမို့ သန့်စင်ခန်း ၂ ခန်းလောက်သာ ဝိနည်းလွတ်ဖွင့်ပေးထားခဲ့တယ်။ ဒါမှ နောက်နေ့မနက် တာဝန်ချိန်ရောက်တဲ့အခါ သူတို့ သက်သာမှာလေ။ ဗမာ့နည်း ဗမာ့ဟန်ဆိုတာ အဲဒါပေါ့။

အသက် ၆၀ နားကပ်လာတော့မှ ဘဝမှာ ပထမဆုံးအကြိမ်အဖြစ်အမျိုးသမီးဘက်က သန့်စင်ခန်းမှာ ကိုယ့်ကိစ္စလေးကိုယ် ခပ်ကုပ်ကုပ်ရှင်းပြီး ကျွန်တော်လည်း ထွက်ခွာဆောင်ဘက်ပြန်ရောက်လာပါတယ်။

ခရီးသည်တယောက်က ကျွန်တော်တို့ လေယာဉ် ၈ နာရီခွဲမှ ဆိုက်မယ်လို့ ပြောပါတယ်။ ခက်တာက သူ့စကားကို အတည်ပြုဖို့ မေးရအောင်ကလည်း ဟုတ်ကဲ့. . . ဖြူဖြူလေးတောင် မရှိပါဘူး။ခဏနေတော့ ကျွန်တော်တို့ ရှေ့က တခြားလေကြောင်းလိုင်းရဲ့ လေယာဉ်ဆိုက်လာပါတယ်။ အဲဒီလေယာဉ်ပေါ်တက်ကြဖို့ အပြာဝတ်မမတစ်ယောက်က အသံချဲ့စက်က ကြေညာတော်မူပါတယ်။ မပီမသ အင်္ဂလိပ်စကားနဲ့ပါ။

ကျွန်တော်က ဘီအေစီ (ဘားမား အဲဝေး[ဇ်] ခေါ်ပရေးရှင်း) ခေတ်ကို ကောင်းကောင်းမီလိုက်ပြီး အဲဒီ့ခေတ်က လေယာဉ်တွေလည်း စီးခဲ့ဖူးသူမို့ အဲဒီ့ခေတ်က ငေးပြီး နားထောင်ယူရတဲ့ လေဆိပ်ဝန်ထမ်းတွေ၊ လေယာဉ်မောင်မယ်တွေရဲ့ အင်္ဂလိပ်စကား အသံထွက်ကောင်းကောင်းတွေကို လွမ်းမိပါတယ်။ ကျွန်တော်တို့အတွက် နမူနာယူ၊ အတုယူခဲ့ရလေတဲ့ အသံထွက်နဲ့ လေယူလေသိမ်းတွေပါ။ ခုတော့ ဆိုရှယ်လစ်ပညာရေး မဟာကြီးရဲ့ ကျေးဇူးတော်ကြောင့် လေယာဉ်နဲ့ လေဆိပ်ဝန်ထမ်းများဝေးစွ၊ မြန်မာ့အသံ အင်္ဂလိပ်ပိုင်း အစီအစဉ်မှာတောင် နိုင်ငံခြားသားတွေ ဘယ်လိုမှနားမလည်နိုင်တဲ့ အင်္ဂလိပ်စကားတွေကို စိတ်ပျက်လက်ပျက် နားဆင်နေရပါတော့တယ်။

အဲ. . . ဟိုမမက အင်္ဂလိပ်လိုသာ ကြေညာပြီး ဘာတွေပျာလောင်ခတ်နေသလဲတော့ မသိဘူး။ ထွက်ခွာဆောင်ထဲမှာ လူးလာခေါက်တုံ့နေတယ်။ ဟိုလူ့ သွားပြော၊ သည်လူ့သွားပြောပေါ့။ ရင်ဘတ်မှာ လေကြောင်းလိုင်း တံဆိပ်လေးတွေ ကပ်ထားတဲ့သူတွေကို သူကလှည့်ပတ်ခေါ်နေတာပါ။ ကျွန်တော်လည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလိုက်ပါတယ်။ ကြည့်မနေလို့လည်း ကျွန်တော်က ဘာတတ်နိုင်တာကျလို့။

**ခွိခနဲ**

လေယာဉ်ပေါ်တက်ဖို့ဘက်က ထွက်ပေါက်မှာ လူရှင်းသွားပါပြီ။ဒါပေမယ့် တံခါးကြီးတွေ ဖွင့်ထားဆဲပါပဲ။ ၃-၄ မိနစ်လောက် ကြာတော့မှ ဟိုအပြာဝတ်ပျာလောင်မမက အသံချဲ့စက်ရှိရာ ပြန်အပြေးသွားပြီး လေယာဉ်ပေါ်တက်ဖို့ ဗမာလို ပြောပါတော့တယ်။ အဲတော့မှ ထွက်ခွာဆောင်ထဲမှာ မဆွကတည်းက နာရီနဲ့ချီပြီး ထိုင်စောင့်နေရရှာလေတဲ့ ခရီးသည် ၁၀ ယောက်လောက်အုပ်စုက သဘောပေါက်သွားပြီး ထိုင်ရာက ထကြပါတော့တယ်။ စိတ်ထဲက ခွိခနဲ ရယ်မိပါတယ်။

အဲဒီလေယာဉ်ထွက်သွားပြီးတဲ့နောက် အဲဒီပျာလောင် အပြာဝတ်မမကို မတွေ့ရတော့ပါဘူး။ ပျောက်ခြင်းမလှ ပျောက်သွားပါတော့တယ်။ အဲဒီလေယာဉ်ဆိုက်လာတော့မှပဲ မြေပြင်အမှုထမ်း သုံးလေးယောက်ကို လှမ်းမြင်ရပါတယ်။ ကျွန်တော်တို့စီးရမယ့် လေကြောင်းလိုင်းရဲ့ အမည်ကိုကျောမှာရေးထားတဲ့အင်္ကျီဝတ် အမှုထမ်း နှစ်ယောက်ကိုလည်း မြင်လာရပါတယ်။ စောစောက သူတို့တွေ ဘယ်နားသွားခွေနေလဲ မသိဘူးနော်။

နောက်ထပ် ၁၅ မိနစ်၊ မိနစ် ၂၀ လောက်အကြာမှာတော့ ကျွန်တော်တို့စီးရမယ့် လေယာဉ်လည်း ဆိုက်လာပါတော့တယ်။ သိပ်နောက်မကျပါဘူး။ မိနစ် ၄၀၊ ၅၀ လောက်လေးပဲ နောက်ကျမှာပါ။ လေဆိပ်မှတော့ သည်လို နောက်ကျတဲ့အတွက် တောင်းပန်မယ့်သူ မရှိပါဘူး။ လေယာဉ်ပေါ်ကျမှ လေယာဉ်မောင်မယ်တွေက တောင်းပန်မယ်ထင်ပါရဲ့လို့ တွေးရင်း စောင့်နေလိုက်ပါတယ်။

ကျွန်တော်တို့ အလှည့်ကျတော့ အသံချဲ့စက်က အော်ပေးတော်မူမယ့်အပြာဝတ်ပျာလောင်မမက မရှိရှာတော့ပါဘူး။ ဒါ့ကြောင့် မြေပြင်ဝန်ထမ်းတယောက်က တံခါးပေါက်ကနေ ပါးစပ်နဲ့ပဲ အော်ရှာပါတယ်။ နိုင်ငံခြားသားတွေရော၊ မြန်မာတွေရော ကိုယ့်နားလည်မှုနဲ့ကိုယ်ထလိုက်ကြပြီး ထွက်ပေါက်ဆီ သွားကြရပါတော့တယ်။

ပြုံးချင်စရာကောင်းပြန်တာက လေယာဉ်ပေါ် တိုက်ရိုက်တက်လို့ရတဲ့ အလုံပိတ်စင်္ကြံလမ်းကနေ ထွက်ပြီးတော့မှ ညာဘက်က အောက်ဆင်းတဲ့ အပေါက်က ထွက်၊ လှေကားက ဆင်း၊ ပြီးတော့ အသင့်စောင့်နေတဲ့ ကားပေါ်တက်ကာ လေယာဉ်ဆီ သွားရတာပါပဲ။

အလုံပိတ်စင်္ကြံလမ်းဆိုတာက ဂျက်လေယာဉ်အကြီးစားကြီးတွေအတွက် ဖန်တီးထားတာပါ။ ပန်ကာတပ် သာမန်လေယာဉ်နိမ့်နိမ့်လေးတွေအတွက်တော့ ဘယ်လိုမှ အဆင်မပြေပါဘူး။ ခက်တာက ထွက်ခွာဆောင်က အပေါ်ထပ်၊ ဆိုက်ရောက်ဆောင်က အောက်ထပ်၊ သတ်သတ်စီခွဲထားတာမို့ ခရီးသည်များခမျာ အားကစားလေ့ကျင့်ခန်းလေး လုပ်ကြရစမြဲပေါ့. . . ခင်ဗျာ။

**ဆင်ဖြူတော်စီမံကိန်း**

ဒဒဦး (တံတားဦး) လေဆိပ်လို့ မြို့ခံတွေက ခေါ်ကြတဲ့ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို ၁၉၉၆ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလမှာ တရားဝင်ဖွင့်လှစ်ခဲ့ပါတယ်။ လေယာဉ်ပြေးလမ်းက ပေတစ်သောင်းလေးထောင် (၄၂၆၇ မီတာ) ရှိတာမို့ အရှေ့တောင်အာရှမှာ အရှည်လျားဆုံး လေယာဉ်ပြေးလမ်းလို့တောင် အဆိုရှိပါတယ်။ သည်လေဆိပ်အတွက် စုစုပေါင်း ကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ သန်း ၁၅၀ (သိန်း၁၅၀၀) ရှိပါတယ်။

အဲ. . . ဒါတင်မကသေးဘူးခင်ဗျ၊ တစ်နှစ်ကို ခရီးသည် သုံးသန်း (သိန်း ၃၀)လောက်အတွက် ဝန်ဆောင်မှုပေးနိုင်လောက်အောင် လေဆိပ်ကြီးက ကြီးမားလှပါတယ်။ တစ်နှစ် သုံးသန်းဆိုတော့ တစ်လကို ခရီးသည် နှစ်သိန်းခွဲ၊ တစ်နေ့ကို ခရီးသည် ၈၃၃ ယောက်နှုန်းလောက်ပါ။ ဒါက အခြေခံသင်္ချာနဲ့ပျမ်းမျှတွက်တာပါ။လက်တွေ့မှာတော့ အဲသလို မဟုတ်ပါဘူး။

သည်အချက်အလက်တွေကို ကိန်းဂဏန်းအတိအကျနဲ့ သိရအောင် အင်တာနက်ထဲမှာ ရှာခဲ့တာပါ။ အဲဒီမှာ ဘာသွားတွေ့ရသလဲဆိုရင်သည်လေဆိပ်ကို"ဆင်ဖြူတော်"စီမံကိန်းလို့ ရေးထားတာလေးပါ တွေ့လိုက်ရပါတယ်။

သိုးဆောင်းစကားမှာ "ဆင်ဖြူတော်" ဆိုတာဟာ ဥပမာတင်စားတာပါ။ ဆင်ဖြူတော်လက်ထဲရောက်လာရင် ပိုင်ရှင်က မစွန့်နိုင်တော့ပါဘူး။ဆင်ဖြူတော်ဖြစ်နေတဲ့အတွက် ခိုင်းစားဖို့ကလည်း ခက်သွားပါတယ်။ သို့သော် သူ့ကိုမွမ်းမံထိန်းသိမ်းရတဲ့ စရိတ်ကကျတော့ မနည်းပါဘူး။ အဲတော့ကာ အသုံးဝင်အရာရောက်မှုနဲ့ချိန်ထိုးရင် မွမ်းမံထိန်းသိမ်းစရိတ်က အဆမတန် ပိုများနေတဲ့၊တွက်ခြေမကိုက်တဲ့ လုပ်ငန်း၊ စီမံကိန်းတွေကို သိုးဆောင်းစကားနဲ့ "ဆင်ဖြူတော်"လို့ တင်စားကြပါတယ်။

ဆိုရှယ်လစ်ခေတ်ကတည်းက အဲလို "ဆင်ဖြူတော်"စီမံကိန်းတွေ အတောမသတ်အောင် များပြားခဲ့ရာက တိုင်းပြည်လည်း ချွတ်ခြုံကျသွားခဲ့တာ အားလုံးအသိပါပဲ။ သို့သော် ပါတီဥက္ကဋ္ဌကြီးရဲ့ ပါတီဖျက် နောက်ဆုံးမိန့်ခွန်းမှာတော့ သူ့ကို အောက်ကလူတွေက လိမ်ခဲ့ညာခဲ့လို့ တိုင်းပြည်သည်လို ဖြစ်သွားရတာဆိုပြီး ခေါင်းဆောင်ကောင်းပီပီ အောက်လူတွေအပေါ် အကုန်ပုံချခဲ့ပါတယ်။ အမှန်အတိုင်း မပြောရဲအောင် လူတော်တွေကို ဘေးထုတ်၊ လူကောင်းဆိုပြီး သူ့ကို ဘာမှ ပြန်မပြောရဲသူ၊ သူ့ကို သစ္စာခံသူတွေကိုသာ နေရာပေးခဲ့တဲ့သူကတော့ ဘာတာဝန်မှ မရှိသလို ဘာတာဝန်မှယူတဲ့ စကားမျိုးလည်း ပြောမသွားခဲ့တာ သိပ်မဝေးလှတဲ့ သမိုင်းမှာ အထင်အရှား ရှိပါတယ်။

အဟဲ အဲဒီ့ရောမ ခေါင်းဆောင်ကြီးတောင် အဲလို တာဝန်မယူတတ်၊ တာဝန်မသိတတ်ခဲ့လေတော့ကာ တစ်ပြည်လုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ရှိရှိသမျှ လူတွေအားလုံးလည်း တာဝန်ခံဖို့၊ တာဝန်ယူဖို့ မသိကြတော့တာကို လေယာဉ်ပေါ်က လေယာဉ်မောင်မယ်တွေကလည်း လေယာဉ် မိနစ် ၄၀ တိတိ နောက်ကျတာကို ဘာမှ မတောင်းပန်တဲ့ နည်းနဲ့ ပြသခဲ့ပါသေးရဲ့။

တာဝန်မယူတတ်ပေမယ့် ဝါချင်ကြွားချင်စိတ်ကတော့ အပြည့်နဲ့မို့ အဲသလို "ဆင်ဖြူတော်" စီမံကိန်းတွေကို တစ်ပြည်လုံးပွထနေအောင် လုပ်ခဲ့ကြတာလည်းပဲဖြစ်ပါတယ်။ အထင်ရှားဆုံး ဥပမာကတော့ ကျွန်တော် တင်ပြခဲ့တဲ့ တံတားဦး အပြည်ပြည်ဆိုင်ရာ "ဆင်ဖြူတော်" လေဆိပ်မဟာကြီးပါပဲ။

မြို့နဲ့ ၂၁ မိုင် ဝေးတဲ့ လွင်တီးခေါင်က အဲဒီလေယာဉ်ကွင်းမဟာကြီးမှာ ဘယ်ဝန်ထမ်းကမှ လေယာဉ်တစ်စီးစာ၊ နှစ်စီးစာ လူ ၅၀-၁၀၀ အတွက် နေချင်မှာလည်း မဟုတ်ပါဘူး။ သူတို့အတွက် ကြိုပို့ပေးတဲ့ ယာဉ်လေးတွေ ဘာတွေရှိရင်၊ သူတို့ကို အချိန်ပိုလုပ်ခ စို့စို့ပို့ပို့ ပေးထားနိုင်မယ်ဆိုရင်တော့လည်း တစ်မျိုးပေါ့။ အဲလို စီစဉ်ပေးဖို့ကြပြန်တော့လည်း လေဆိပ်က ခရီးသွားတွေ အဲလောက်ကြီး ကြက်ပျံမကျ သွားလာနေလို့ ဝင်ငွေကောင်းနေတဲ့ လေဆိပ်မျိုး မဟုတ်ပြန်ဘူးခင်ဗျ။

စာမျက်နှာ ၁၇ သို့

❝ရေဘူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တယ်ဆိုတဲ့ အတွေးအမြင်တွေ၊ အိုးနဲ့ဆန် တန်တန် မတန်တန်ပြောသလိုသာ လုပ်ရမယ်ဆိုတဲ့ တစ်ယူသန်စရိုက်တွေ၊ အောက်က ကျွမ်းကျင်သူတွေက အကျိုးသင့် အကြောင်းသင့် တင်ပြတဲ့အခါ ငါသိ ငါတတ်၊ ငါ့ကို ခံမပြောနဲ့၊ ငါနဲ့မတူ ငါ့ရန်သူအနေနဲ့ ပြင်းပြင်းထန်ထန် နှိပ်ကွပ်တတ်တဲ့အကျင့်တွေက တိုင်းပြည်ကို ချွတ်ခြုံကျစေတတ်ကြောင်း နောက်လူ အဆက်ဆက် မြင်သင့်တဲ့အကြောင်း မရဲတရဲနဲ့ပဲ ဇွတ်မှိတ်ပြောလိုက်ချင်. . .❞

## သန်းခေါင်စာရင်းအချက်အလက်များအသုံးပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ သင်တန်းဖွင့်လှစ်

**သာယာဝတီ မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် အ-ထ-က (၁) ပညာ့အားမာန်ခန်းမ၌ မတ် ၂၁ ရက် နံနက် ၉ နာရီက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များ အသုံးပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်းမှ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအား ဌာနဆိုင်ရာများ *NGO* အဖွဲ့အစည်းများ ခရိုင်အတွင်းရှိ ရှစ်မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၁ ရက်မှ ၂၄ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**

# ငါးဝင်ရောက်မှုကောင်း၍ရေလုပ်သားများနှင့် ပြန်ရောင်းချသူများအဆင်ပြေ

**မုံရွာ မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းရှိ ပေါက်အင်းတွင် ယမန်နှစ်က ချင်းတွင်းမြစ်ရေသည် နှစ် ၅၀ အတွင်း စံချိန်တင်ကာ အမြင့်ဆုံးရေ မြင့်တက်ခဲ့သဖြင့် အင်း အတွင်းသို့ ရေဝင်ရောက်မှုများပြားကာ သဘာဝငါးများလည်း ဝင်ရောက်မှုများခဲ့သဖြင့် အင်းပိုင်ရှင်များသာမက ရေလုပ်သားများနှင့် တစ်ဆင့်ခံပြန်လည်ရောင်းချသောသူများပါ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"နှစ်တိုင်းကထက်စာရင် ဒီနှစ်က မြစ်ရေဝင်ရောက်မှု ကောင်းသလို ငါးဝင်ရောက်မှုလည်းကောင်းတဲ့အတွက် ငါးဖမ်းတဲ့ ရေလုပ်သားတွေ၊ တစ်ဆင့်ခံ ပြန်ရောင်းတဲ့သူတွေလည်း အလုပ်အကိုင်ပိုပြီး အဆင်ပြေကြတယ်။ အင်းရာသီအစပိုင်းက ထွက်အားကောင်းတဲ့အချိန်ဆို တစ်ရက်ကို လိုက်ထရပ်ကားသုံးစီးလောက်နဲ့ မန္တလေးဈေးကွက်၊ မုံရွာ၊ ပခုက္ကူဈေးကွက်ကို ငါးတွေ တင်ပို့ပေးရတယ်။ အဲဒီအချိန်က ငါးပြေက်တို့ ငါးခုံးမတို့ကို အလေအလွင့်မဖြစ်စေဖို့အတွက် နေခြောက်လှန်း၊ ကြပ်တင်ခြောက်တွေလုပ်ပြီး တမူးနယ်စပ်ဈေးကွက်ကို တင်ပို့ ရောင်းချတယ်။ ကြပ်တင်ခြောက်က အစိုလေးပိဿာလောက်လှမ်းမှ အခြောက် တစ်ပိဿာလောက်ပဲရတယ်။ ကျွန်တော်တို့အနေနဲ့ ငါးဖမ်းလုပ်ငန်းတင်မဟုတ်ဘဲ အင်းရာသီကုန်ရင် ငါးဖမ်းရာသီကုန်သွားပြီဆိုရင် ဒီအင်းထဲကို ငါးကြင်းရွှေဝါ၊ မြက်စား၊ ငါးကြင်းမျက်ဆန်နီ၊ ငါးသလောက်ယောက်ဖစတဲ့ ငါးမျိုး ငါးသားပေါက်တွေ ပြန်ပြီး စိုက်ထည့်ခြင်းလုပ်ငန်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆက်လက်လုပ်ကြရတော့ ငါးဖမ်းရာသီကုန်ပေမယ့်လည်း ရေလုပ်သားတွေအတွက် အလုပ်အကိုင် အဆင်ပြေစေပါတယ်"ဟု ပေါက်အင်းမှ အင်းသူကြီးက ပြောသည်။



"ကျွန်မတို့က နေ့စဉ် ဒီပေါက်အင်းကိုလာရောက်ပြီး ငါးဖမ်းလှေတွေ ပြန်ဝင်မည့် အချိန်စောင့်ပြီး ငါးတွေ ဖောက်သည်ယူရပါတယ်။ ဒီမှာက အချိန်တစ်ဆယ်ယူရင် သာဒါန်းအနေနဲ့ နှစ်ပိဿာ အခမဲ့ အပိုဆောင်းပေးတော့ ကျွန်မတို့အနေနဲ့ အပြင်မှာ လက်ရှိပေါက်နေတဲ့ဈေးထက် အနည်းငယ်လျှော့ပြီး ပြန်လည်ရောင်းချနိုင်တဲ့အတွက် အရောင်းအဝယ်အဆင်ပြေပါတယ်" ဟု ငါးလက်ကားရောင်းချသူတစ်ဦးက ပြောသည်။

အဆိုပါ ပေါက်အင်းအတွင်းမှ သဘာဝရေချို မြစ်ငါးများဖြစ်သည့် ငါးပတ်၊ ငါးဟင်းငံ၊ ငါးရံ့၊ ငါးပြေက်၊ ငါးခုံးမ၊ ငါးဖယ် စသည့် ငါးများအများဆုံးထွက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ချောက်မြို့နယ်စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ချောက် မတ် ၂၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာဖတ်သူ တိုးတက်ပွားများ၍ပြည်သူများ အသိပညာဗဟုသုတပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ချောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မတ် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က အဖွင့်အမှာစကားပြောကြားပြီး ချောက်မြို့နယ် ပြန်ဆက်ဦးစီးမှူး ဒေါ်ချိုချိုမာက စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်စာကြည့်တိုက်မှူးကိုယ်စားလှယ် ၃၇ ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူ ၁၅ ဦး၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၁၀ ဦး ပေါင်း ၆၂ ဦး တက်ရောက်ခဲ့ရာ အလုပ်ရုံဆွေးနွေးပွဲအား မတ် ၂၂ မှ ၂၃ ရက်ထိနှစ်ရက်ကြာဆွေးနွေးခဲ့သည်။

ယင်းနေ့ဆွေးနွေးမှုများကို မကွေးခရိုင် ပြန်ဆက် ဦးစီးအရာရှိ ဦးမြင့်သန်းက ဆွေးနွေးမှုများအပေါ် သုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်ဆက်)**

## စလင်းမြို့မှ မြန်မာ့ရိုးရာလက်ရက်ကန်းစင်လုပ်ငန်း အောင်မြင်၊ အခမဲ့သင်ကြားပေး

**စလင်း မတ် ၂၅**

မင်းဘူးခရိုင် စလင်းမြို့နယ် ဝက်သည်းကန်၏တောင်ဘက်ရှိ ရှမ်းရွာကုန်းကျေးရွာတွင် မြန်မာ့ရိုးရာ လက်ရက်ကန်းစင်လုပ်ငန်း အောင်မြင်လျက်ရှိကြောင်းသိရသည်။

ရှမ်းရွာကုန်းရွာမှ ဦးနိုင်မင်းထွေးက လက်ရက်ကန်းစင်လုပ်ငန်းအား စတင်တည်ထောင်လုပ်ကိုင်ခဲ့ရာ ယခုအခါ ရက်ကန်းစင် ၁၅ စင်ဖြင့် ဆက်လက်လုပ်ကိုင်အောင်မြင်လျက်ရှိသည်။

"ကျွန်တော်တို့ ရှမ်းရွာကုန်းရွာလေးက စလင်းမြို့ရဲ့ဝက်သည်းကန် တောင်ဘက် ရှေးဟောင်းရုပ်စုံကျောင်း၏ အနောက်ဘက်မှာတည်ရှိပြီး ဘုရား၊ စေတီ၊ ဘုန်းတော်ကြီးကျောင်းများဖြင့် ဝန်းရံထားသလိုဖြစ်နေတော့ ကျေးရွာနေပြည်သူတွေ အလုပ်အကိုင်ရှားပါးကြတယ်။ အများစုက ပျိုးစည်းနှီး လုပ်ငန်းပဲလုပ်ကိုင်ကြတယ်။ ကျေးရွာနေပြည်သူတွေ အလုပ်အကိုင်ရရှိအောင် ရွှေဘိုမြို့နယ် ဆိပ်ခွံရွာမှာ ရက်ကန်းလုပ်ငန်းကို သွားရောက်လေ့လာပြီး စလင်းမြို့မှာ စတင်ထူးထောင်ဖြစ်ခဲ့ပါတယ်။ ရှေးဟောင်းရုပ်စုံကျောင်းကို လာရောက်လေ့လာတဲ့ နိုင်ငံခြားသားများကလည်း လက်ရက်ကန်းလုပ်ငန်းကို လာရောက်ကြည့်ရှုအားပေးကြပါတယ်။ ရက်လုပ်ထားတဲ့ အထည်တွေလည်း နှစ်ခြိုက်စွာဝယ်ယူကြတယ်။ အများအားဖြင့် မန္တလေးနှင့် ရန်ကုန် အော်ဒါမှာတဲ့ ဆိုင်တွေပို့တာများပါတယ်။ ရက်လုပ်တဲ့ အထည်တွေကတော့ အမျိုးသားဝတ် လုံချည်နှင့် အမျိုးသမီးဝတ်အထည်တွေ များပါတယ်။

"ကုန်ကြမ်းဖြစ်တဲ့ ချည်ကို ရွှေဘိုမြို့ ဆိပ်ခွံရွာကမှာယူရတယ်။ အဓိက ရက်လုပ်တာက အမျိုးသမီးဝတ် ကချင်လုံချည်တွေပါ။ (၂/၁၀၀)မာဆလိုက်ချည်နဲ့ ရက်လုပ်တယ်။ လေးတောင်တစ်ထွာ တစ်ထည်ကို ဒီဇိုင်းပေါ်မူတည်ပြီး ကျပ် ၄၅၀၀ မှ ကျပ် ၃၀၀၀၀ ထိရှိပါတယ်။ သီးသန့် အော်ဒါမှာလို့ အထူးရက်လုပ်ပေးရတာလည်းရှိတယ်။ အမျိုးသားဝတ် လုံချည်ကိုတော့ (၂/၈၀)မာဆလိုက်ချည်၊ (၂/၄၀) မာဆလိုက်ချည်များဖြင့် ရက်လုပ်ပေးတယ်။ မန္တလေး၊ ရန်ကုန်ဆိုင်ကြီးတွေရောက်မှ တံဆိပ်အမျိုးမျိုးကပ်ပြီး ဈေးတင်ရောင်းကြတယ်။ ဒီမှာက ဈေးချိုတယ်။ ကျွန်တော့်ရက်ကန်းစင်က အမျိုးသမီးဝတ်(ဝမ်းဆက်) တစ်စုံကို ကျပ် ၁၂၀၀၀ နဲ့ ရောင်းတယ်။ ဆိုင်ပေါ်ရောက်သွားရင် တံဆိပ်ကပ်ပြီး ကျပ် ၂၀၀၀၀ ဖြစ်သွားတယ်။ တစ်ရက်ကို ၁၅ ထည်မှ ၂၀ ထိ ရက်လုပ်နိုင်ပါတယ်။ တစ်ပတ်ကို အထည် ၅၀၀ ကျော် အော်ဒါမှာယူတဲ့ဆိုင်ကြီးတွေကို ပုံမှန်တင်ပို့ပေးနေရပါတယ်" ဟု ဦးနိုင်မင်းထွေးက ပြောသည်။

လက်ရက်ကန်းစင်များကို ကျေးရွာအတွင်းရှိ အချို့အိမ်များတွင်လည်း တစ်ပိုင်တစ်နိုင် တစ်စင်မှသုံးစင်အထိ ထားရှိလုပ်ကိုင်လျက်ရှိပြီး အော်ဒါမှာယူသည့်အပေါ် မူတည်၍ လက်ခံရက်လုပ်ပေးလျက်ရှိသည်။ ရက်ကန်းရက်လုပ်သည့် အလုပ်သမ (အမျိုးသမီး)များမှာ တစ်ထည်ကို ရက်လုပ်ခ ကျပ် ၃၀၀၀ ရရှိပြီး၊ တစ်နေ့ ကျပ် ၃၀၀၀ မှ နေ့၊ ည ရက်လုပ်ပါက ကျပ် ၅၀၀၀ အထိ ရရှိကြသည်။ တခြားမြို့နယ်များမှ ပညာသင် လာရောက်လုပ်ကိုင်သူများလည်းရှိပြီး ရက်ကန်းလုပ်ငန်းအား အခမဲ့ပညာသင်ကြားပေးလျက်ရှိသည်။

**တင်ထွန်းဦး(မင်းဘူး)**

## အင်းဝဒေသမှ သင်ဖျာရက်လုပ်ခြင်းလုပ်ငန်း ဒေသခံများအလုပ်အကိုင်ရနေ

**အင်းဝ မတ် ၂၅**

အင်းဝဒေသတွင် သင်ဖျာ ရက်လုပ်ခြင်းလုပ်ငန်းကြောင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိပြီး နေ့စဉ်ပုံမှန်ဝင်ငွေရရှိနေသည်။ အင်းဝဒေသတွင် သင်ဖျာကို ကျုံးထိပ်ရပ်ကွက်များတွင် အများဆုံး ရက်လုပ်ကြသည်။

သင်ဖျာရက်လုပ်ရာတွင် ကဏ္ဍအသီးသီးခွဲခြားလုပ်ကိုင်ကြပြီး သင်ကိုဖြာသူ၊ သင်ဖျာရက်လုပ်သူ၊ အနားသပ်ချုပ်သူ၊ ကတ္တီပါကွပ်သူများ စုပေါင်းလုပ်ကိုင်ကြရသည်။သင်ကို ကချင်ပြည်နယ်နှင့် ပန်းတနော်ဘက်မှ ကုန်ကြမ်းရရှိကြသည်။ သင့်တော်သည့် ပေအတိုင်းအတာအလိုက် ခွဲခြားကာ ရာစည်းများ ဝင်ရောက်လေ့ရှိသည်။ အများစုမှာ ပန်းတနော်သင်ကို အများဆုံးအသုံးပြုကြသည်။

သင်ကို ဖြာရန်အတွက် ပထမဦးစွာရေစိမ်ကြရသည်။သင်ကိုဖြာပါက အလွှာသုံးလွှာရအောင် ပြုလုပ်လေ့ရှိသည်။ အလွှာသုံးလွှာတွင်အချောလွှာကို အပေါ်ဆုံးတွင် ထားရှိကြသည်။ အူဟုခေါ်သောအလွှာကို အောက်ခံအဖြစ် ရက်လုပ်ကြသည်။ သင်ဖျာရက်လုပ်ရာတွင် နှစ်ထပ် ရက်လုပ်ကြရသည်။ ရရှိလာသော သင်များကို သင်ဖျာရက်လုပ်သူများက ရက်လုပ်ကြသည်။ ရက်လုပ်ပြီး သင်ဖျာများကို အနားကွပ်ချုပ်လုပ်သူများက ချုပ်ပေးရသည်။ အနားသပ်ချုပ်ရာတွင် တစ်နေ့လျှင် သင်ဖျာအချပ် ၂၀ ကျော်ပြီးသည်။ တစ်ချပ်လျှင်ငွေကျပ် ၂၀၀ ရရှိသည်။ သင်ဖျာကတ္တီပါကွပ်သူများမှာလည်း သင်ဖျာတစ်ချပ်လျှင် ငွေကျပ်၂၀၀ ကျော်ရရှိပြီး တစ်နေ့ လျှင်သင်ဖျာ ၂၀ ကျော် ကတ္တီပါကွပ်ပြီးကြောင်း သိရသည်။ လူတစ်ဦးလျှင် အနည်းဆုံးလုပ်အားခ ငွေကျပ် ၄၀၀၀ မှ ၆၀၀၀ အထိ ပုံမှန်ရရှိကြသည်။



သင်ဖျာမှာ နွေရာသီတွင် အရောင်းသွက်ကြသည်။ တပေါင်း၊ တန်ခူးမှ ဝါဆို၊ ဝါခေါင်အထိ နေ့စဉ်လုပ်ကိုင်ရပြီး အရောင်းအဝယ်ဖြစ်ထွန်းသည်။ သင်ဖျာလုပ်ငန်းတွင်လုပ်ငန်းရှင်မှ ကုန်ကြမ်းပေးပြီး လုပ်သားများက လက်ခစားဖြင့် ပြုလုပ်ကြရသည်။ လက်ရှိကာလ နွေရာသီတွင် အေးမြသည့် သင်ဖျာများကို ဝယ်ယူမှုများပြီး သင်ဖျာရက်လုပ်သူ၊ သင်ဖြာသူ၊ သင်ဖျာချုပ်သူ၊ သင်ဖျာကတ္တီပါကွပ်သူများ နေ့စဉ် ပုံမှန်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## ပြည်တွင်းရေးရာ

**စာမျက်နှာ ၁၅ မှ**

ရာဝင်အိုးကြီးနဲ့ ဆန်တစ်ပြည် ချက်သလိုဖြစ်နေတဲ့ လေဆိပ်ကြီးလို့ တင်စားရင် အမြင်သာဆုံး ဖြစ်မလား မသိပါဘူး။ သည်လို လေဆိပ်ရောမကြီး ဆိုတာ တစ်နေ့တစ်နေ့ လေယာဉ်ပျံစီးရေ ရာနဲ့ချီပြီး ဆင်းတက်နေချိန်၊ ၂၄ နာရီမပြတ် လေယာဉ်နဲ့ ခရီးသည်တွေ ဥဒဟိုသွားလာနေချိန်မျိုးမှာသာ ရှိသင့်တဲ့ လေဆိပ်မျိုးသာ ဖြစ်ပါတယ်။

အခုတော့ အိုးကတရားလွန်ကြီး၊ ချက်နိုင်တဲ့ဆန်ကဖြင့် နို့ဆီဘူး ၈ လုံးလောက်ပဲရှိတဲ့အခါ အဲဒီအိုးကြီးကို နေ့စဉ်ဆေးနေရတဲ့ ဒုက္ခနဲ့တင် အတော်အီနေကြပါပြီ။ ဒါကို ပိတ်ထားတဲ့သန့်စင်ခန်းတွေ၊ ပိတ်ထားတဲ့ ဆိုင်ခန်းတွေက သက်သေထူနေပါတယ်။ (ဆိုင်ခန်းတွေ ပိတ်ထားတာက အဲဒီ ညဘက်တောင် မဟုတ်ဘူးခင်ဗျ၊ တလောက ကလေးမြို့ကို သွားတုန်းက လည်း ကလေးမှာ တိမ်ထူနေတာနဲ့ အဲဒီလေဆိပ်မှာ နာရီနဲ့ချီပြီး နေခဲ့ရတာ မနက်ပိုင်းပါ။ အဲတုန်းကလည်း အဲဒီဆိုင်တွေကလည်း ဆိုင်းဘုတ်သာရှိပြီး ပိတ်ထားတဲ့ ဆိုင်တွေသာ ဖြစ်လို့နေပါတယ်။)

အဲတော့ကာ အသုံးဝင်မှုနဲ့ ထိန်းသိမ်းမွမ်းမံစရိတ်နဲ့ ချိန်ထိုးတဲ့အခါ ထိန်းသိမ်းစရိတ်က ပိုကြီးနေတာ အထင်အရှားမို့ ဒါကို "ဆင်ဖြူတော်" စီမံကိန်း လို့ ခေါ်ဆိုတာပါပဲ။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်မှာ ဂျပန်နိုင်ငံ မစ်ဆုဘစ်ရှိ အုပ်စုရယ်၊ ဂျပန်လေကြောင်းလိုင်းနဲ့ တွဲဖက်ထားတဲ့ အဖွဲ့တစ်ဖွဲ့ရယ်က တံတားဦး လေဆိပ်ကြီးကို နှစ် ၃၀ စီမံခန့်ခွဲပေးဖို့ သဘောတူလက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီကျေးဇူးကြောင့် ၂၀၁၄ ခုနှစ်မတိုင်ခင်က အင်မတန်စုတ်ပြတ်ညစ်ပတ်လှ တဲ့ အဲဒီလေဆိပ်က သန့်စင်ခန်းတွေ အပါအဝင် ဆိုက်ရောက်ဆောင်၊ ထွက်ခွာ ဆောင်တွေ သန့်သန့်ပြန့်ပြန့်နဲ့ လူလူသူသူ ပြန်ဖြစ်လာတာပါ။ အဲဒီမတိုင်ခင်က သည်လေဆိပ်ရဲ့ ညစ်ပတ်မှုက အံ့မခန်းဖြစ်သလို လေအေးစက်တွေ အလုပ်မ လုပ်တော့တာမို့ ချွေးတလုံးလုံးနဲ့ လေယာဉ်စောင့်ခဲ့ရတာ ကံဖူးသူတွေ မှတ်မိကြဦးမှာပါ။

ထားပါတော့ဗျာ။

### ရင်နာနာနဲ့ ယူထိုက်တဲ့ သင်ခန်းစာ

သည်ဖြစ်စဉ်ကို ကြုံခဲ့ရင်း မြင်လာတာကတော့ တစ်ပြည်လုံးမှာ ပွနေတဲ့ "ဆင်ဖြူတော်" စီမံကိန်းကြီးများကိုပါပဲ။ ဝါသနာပါသူများ ကိုယ်တိုင် စာရင်းချကြည့်ရင် တစ်သီတစ်တန်းကြီးတွေ့ရမှာပါ။

ပြီးတာတွေက ပြီးခဲ့ပါပြီ။ အတိတ်က အမှားတွေကို အပြစ်တွေ လျှောက်တင် နေရုံနဲ့လည်း တိုင်းပြည်ကြီး ချမ်းသာလာမှာ မဟုတ်ပါဘူး။ သို့ပေမယ့် အမှားတွေကို အမှားတွေအဖြစ် အသိအမှတ်ပြု ပြင်စရာရှိတာ အချိန်မီပြင်၊ သင်ခန်းစာယူစရာ ရှိတာယူကြမှ ဖြစ်ပါလိမ့်မယ်။

သည် "ဆင်ဖြူတော်"စီမံကိန်းမဟာကြီးများကြောင့် တိုင်းပြည်ဘဏ္ဍာတွေ အဆမတန်ဆုံးရှုံးနေတာလည်း အထင်အရှားပါပဲ။ အဲဒါတွေကို ဘယ်လို ကုစားကြမလဲ၊ ဘယ်လိုအဖတ်ဆယ်ကြမလဲဆိုတာဟာ အရေးတကြီးစဉ်းစားရ မယ့် ကိစ္စလို့ မြင်မိရပါတယ်။

ဒါ့အပြင် သည်မှာ ယူထိုက်တဲ့ သင်ခန်းစာကြီးကြီးမားမားလည်း ရှိပါတယ်။ ရေဘူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တယ်ဆိုတဲ့ အတွေးအမြင် တွေ၊ အိုးနဲ့ ဆန် တန်တန် မတန်တန် ပြောသလိုသာ လုပ်ရမယ်ဆိုတဲ့ တစ်ယူသန် စရိုက်တွေ၊ အောက်က ကျွမ်းကျင်သူတွေက အကျိုးသင့် အကြောင်းသင့် တင်ပြတဲ့အခါ ငါသိငါတတ်၊ ငါ့ကို ခံမပြောနဲ့၊ ငါနဲ့မတူ ငါ့ရန်သူအနေနဲ့ ပြင်းပြင်း ထန်ထန် နှိပ်ကွပ်တတ်တဲ့အကျင့်တွေက တိုင်းပြည်ကို ချွတ်ခြုံကျစေတတ် ကြောင်း နောက်လူအဆက်ဆက် မြင်သင့်တဲ့အကြောင်း မရဲတရဲနဲ့ပဲ ဇွတ်မှိတ် ပြောလိုက်ချင်ပါတယ်။

ထပ်ပြောပါရစေ နောက်လူအဆက်ဆက်လို့ ကျွန်တော်ပြောပါတယ်။ သည်အကြောင်းကို ပြောရာမှာ ကျွန်တော်ဟာ တစ်စုတစ်ဖွဲ့၊ တစ်ပါတီ၊ တစ်ဦး တယောက်တည်းကို မရည်ရွယ်ပါဘူး။ အားလုံးဟာ သခါရတွေချည်းပါ။ ကျွန် တော့်အဖေလည်း အချိန်တန်တော့ သွားခဲ့တာ၊ ကျွန်တော်လည်း အချိန်တန် ရင် သွားမှာ၊ ကျွန်တော့် သားမြေး တီကျွတ်တွေလည်း သွားကြရမယ့်သူချည်းပါပဲ။ ကျွန်တော်ပြောတဲ့ နောက်လူအဆက်ဆက်ဆိုတာ သည်နေ့ သည်အချိန်စပြီး လာမယ့်မျိုးဆက်ပေါင်းအနန္တကို ရည်ရွယ်ပါတယ်။

အဲဒီ နောက်လူအဆက်ဆက်သာ ဒါတွေကို သတိထားဆင်ခြင်သွားနိုင်ကြ မယ်ဆိုရင်ဖြင့် . . .

# ပဲခူးတိုင်းဒေသကြီး ကျေးလက်ရုံးနှင့် ပဲခူးခရိုင်ကျေးလက်ရုံးအဆောက်အအုံဖွင့်ပွဲကျင်းပ

**ပဲခူး မတ် ၂၅**

ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး (၇/၄) နယ်မြေ (၁၉) တပင်ရွှေထီး(၁) လမ်း၌ မတ်၂၄ ရက်နေ့ နံနက် ၇နာရီခွဲက (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံးနှင့် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့် ပွဲအခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်း ဒေသကြီးဦးစီးမှူး ဦးသိန်းလွင်က ရုံးသစ်နှစ်ရုံး ဆောက်လုပ်ခြင်းနှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အထိမ်းအမှတ်အလံများ ပေးအပ်ကြ သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးတင်စိုး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးလှသိန်းအောင်နှင့် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းလွင်တို့က ရုံးသစ်နှစ်ရုံးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရုံးသစ်နှစ်ရုံး၏ ဆိုင်းဘုတ်များအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေ၂၅၄ ဒသမ ၅၄ သန်းဖြင့် အလျား ၇၆ ပေ၊ အနံ ပေ ၇၀ သံကူကွန်ကရစ် နှစ်ထပ် အဆောက်အအုံအား ၂၀၁၅ခုနှစ် စက်တင်ဘာ ၃ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၆ခုနှစ် မတ်၁၅ ရက်တွင် ပြီးစီးခဲ့သည်။ ထို့အတူ ပဲခူးခရိုင်ကျေးလက်ရုံးကိုလည်း ခွင့်ပြုရန်ပုံငွေကျပ် ၁၂၃ ဒသမ ၇၅ သန်းဖြင့် အလျား ၇၆ပေ၊ အနံ ၆၄ ပေ သံကူကွန်ကရစ် တစ်ထပ်အဆောက် အအုံအား ၂၀၁၅ခုနှစ် ဩဂုတ် ၁၅ ရက် တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြီးစီးခဲ့ ကြောင်းသိရသည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်း ဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီး ချုပ်၊ စာရင်းစစ်ချုပ်နှင့်အစိုးရအဖွဲ့ ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေး မှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများတက်ရောက်ကြသည်။

(၅၈၇)

❐

## မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်၍ဟောပြောပွဲပြုလုပ်

**ရေဦး မတ် ၂၅**

ရေဦးမြို့နယ်မီးသတ်တပ်ဖွဲ့စခန်းနှင့် ကမ္ဘောဇဘဏ် (ရေဦးဘဏ်ခွဲ)တို့ ပူးပေါင်းဆောင်ရွက်သည့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို မတ် ၂၃ ရက် ညနေ ၄ နာရီက အဆိုပါဘဏ်ရုံး၌ ကျင်းပရာ မြို့နယ်တာဝန်ရှိသူ များ၊ မြို့ပေါ်ငါးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ ကြသည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း တာဝန်ခံ ရဲဗလရဲကျော်စွာမျိုးအောင်တို့က မီးလောင်မှုဖြစ်ရ ခြင်း အကြောင်းအရင်းနှင့် မီးဘေးအန္တရာယ် ကြုံတွေ့ပါက အမြန်မီးငြိမ်းသတ်နည်းများကို အကျယ် တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သန္နွေမီးသတ်တပ်ဖွဲ့ဝင်များမှ မီး ဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်း များပါ ပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြသည်။

ဆက်လက်ပြီး သန္နွေမီးသတ်တပ်ဖွဲ့ဝင်များက ကမ္ဘောဇဘဏ်ဝန်ထမ်းများအား မီးသတ်ဆေးဘူး များကိုလက်တွေ့အသုံးပြုတတ်စေရန် လက်တွေ့မီး ငြိမ်းသတ်နည်းများ သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**







**B.C.C ရရှိပြီး တိုက်ခန်းသစ်များ ရောင်းမည်**

သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၃) လမ်း၊ (၆)လမ်း၊ (၈)လမ်း၊ (၉) လမ်း ရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။

ဖုန်း - ၀၉ ၅၀၀၂၉၃၁၊ ၀၉ ၅၄၀၁၀၀၁၊ ၀၉ ၇၃၀၉၅၆၇၇

**ရောင်းမည်/ငှားမည်**

(၁) သံသုမာလမ်းမ၊ 20'×60'၊ ၂ ထပ်လုံးခြင်း၊ သင်္ဃန်းကျွန်း၊ ရေ+မီး+ဖုန်း။

(၂) သာကေတ၊ ရွှေအုတ်ဂူ(၆)လမ်း၊ 20'×60'၊ ၁ ထပ်ပြင်ထောင်၊ ရေ+မီး။ Ph: 09-254190592

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လှည်းတန်းစင်တာရှိ အခန်းအမှတ်(၁၀၉)ကို မူလအဆောက်အအုံ အမှတ်(၂၁) အမည်ပေါက် ဒေါ်ခင်ခင်မှ ပြန်လည်ရရှိခဲ့ပြီး ဒေါ်ခင်ခင်မှာ ၃-၁၁-၂၀၁၁ ရက်တွင် ကွယ်လွန်ခဲ့ပြီး သားဖြစ်သူ ဦးစိုးဝင်း [၁၂/ကမရ(နိုင်)၀၄၀၈၈၇] မှ ပိုင်ဆိုင်မှု စာအုပ်ထုတ်ယူခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြေနှင့်အိမ်ရာဌာန၊ ရန်ကုန်တိုင်းဒေသ ကြီး ညွှန်ကြားရေးမှူးရုံးသို့ တင်ပြကန့်ကွက်နိုင်ပါ သည်။

မြေနှင့်အိမ်ရာဌာန
ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး

**တိုက်ခန်းအမြန်ရောင်းမည်**

**လိုင်စင်ရကန်ထရိုက်ကိုယ်တိုင်ရောင်းမည်။ BCC ကျပြီး တိုက်သစ်တိုက်ခန်းများ**

၁။ ငမိုးရိပ်(၂)လမ်း၊ အပိုင်း(၃)၊ သင်္ဃန်းကျွန်း၊ ၅-လွှာ
၂။ ငမိုးရိပ်(၂)လမ်း၊ အပိုင်း(၅)၊ သင်္ဃန်းကျွန်း၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်
၃။ မေတ္တာလမ်းမ၊ သွပ်ပိုင်းကြီးရပ်ကွက်၊ သံသုမာလမ်းကျောကပ်၊ သုဝဏ္ဏသွားကောလိပ် ရှေ့အနီး၊ (၁၈'×၅၄') အခန်းကျယ်၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်
၄။ လောင်းလုံလမ်း၊ ၂၅-ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရှေ့ကားပါကင်ကျယ်၊ (၁၉'×၅၄') မြေညီ၊ ၃-ထပ်၊ တ-ထပ်၊ စတုတ္ထထပ်၊ ပဥ္စမထပ် (၂)ခန်း
၅။ စကားဝါ(၃)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံ။ မြေညီ၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမထပ်

- ၀၁-၈၅၅၀၉၈၇၊ ၀၉-၂၅၄၄၈၇၉၃၀၊ ၀၉-၃၁၀၅၃၄၄၄

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

F M I

YOMA STRATEGIC HOLDINGS ၏

အဖွဲ့ဝင်ကုမ္ပဏီဖြစ်သည့်

**FIRST MYANMAR INVESTMENT**

သည် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် စတင်မည့်

ရန်ကုန်စတော့အိတ်ချိန်းတွင် ပထမဦးဆုံးကုမ္ပဏီအဖြစ်

အောင်မြင်စွာစာရင်းဝင်နိုင်ခဲ့သည့်အတွက်

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

YOMA

STRATEGIC HOLDINGS LTD.

# Fashion Euphoria၏ အထူးဈေးရောင်းပွဲ
## 20% to 80%

Fashion Euphoria၏ အထူးဈေးရောင်းပွဲကို ၂၆-၃-၂၀၁၆ရက်မှ ၂၈-၃-၂၀၁၆ရက်အထိ အမှန်အကန် အံ့သြဖွယ်ရောင်းချပေးမည်ဖြစ်ပါသည်။ စိတ်ကြိုက်ဝယ်ယူအားပေးနိုင်ပါကြောင်းနှင့် ဝယ်ယူအားပေးကြသော မိတ်ဆွေအပေါင်း ကျေနပ်နှစ်သက်နိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အချိန်** - **နံနက်၉ နာရီမှ ညနေ၆ နာရီအထိ**
**ဆက်သွယ်ရန်ဖုန်း** - ၀၁-၅၇၀၀၂၁၊ ၀၉-၃၃၄၇၉၀၄၂

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ခုနှစ်၊ မတ်လ (၁၈)ရက်နေ့ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက်၊ တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူ လုပ်ငန်းရှင်(၁၀၀၀)ဦးအနက် **“ကမ္ဘောဇဘဏ်လီမိတက်”**သည် ဝင်ငွေခွန် ၂၂ဘီလီယံကျော်ပေးသွင်းပြီး **“ပထမနေရာ”** မှ ဝင်ငွေခွန်အများဆုံး (၄)နှစ်ဆက် ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း**အား အထူးပင်လေးစားလျက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ဦးစိုးသန်းနိုင်နှင့် ဇနီး ဒေါ်ဝင်းဥမ္မာညွန့်**
**Excellent Myanmar Co.,Ltd**




သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူမျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

## သဘာဝဆိတ်ငြိမ်ရိပ်သာ သင်္ကြန် (၇)ရက် တရားစခန်း (ဧပြီ ၁၀ မှ ၁၆ ထိ)

ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ ၊ ဝိဝေကာဝါသကျောင်းတိုက်၊သဘာဝဆိတ်ငြိမ်ရိပ်သာ၌ ၂၀၁၆ခုနှစ်၊ ဧပြီ(၁၀)ရက်မှ (၁၆)ရက်နေ့ ည(၉း၀၀)နာရီအချိန်ထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝိဝေကာဝါသ ပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခ ကိုယ်တော်တိုင် ဝိပဿနာတရားများကို သေချာကျနစွာ ဟောပြောပြသပါမည်။ အမှန်တကယ်တရားလိုလား ကြိုးစားအားထုတ်မည့် ယောဂီ(၅၀)ယောက်သာ စိစစ်လက်ခံပါမည်။ ဧပြီ(၃)ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း ကြိုတင်ပေးသွင်း၍ မှတ်ပုံတင်ယူဆောင်ကာ ဧပြီ (၉) ရက်နေ့ ညနေ (၅)နာရီထက်နောက်မကျစေဘဲ လာကြရမည်။ ၄င်းည (၇)နာရီအချိန် အလုပ်ပေးတရားနာယူပြီးအားထုတ်ကြရပါမည်။ အကယ်၍ စာရင်းပေးပြီးမှ တရားစခန်း မဝင်ဖြစ်ခဲ့သော် အချိန်မီပြန်လည် အကြောင်းကြားပေးပါ။ အာဟာရဒါန အရဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ် လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ရန်ကုန်မှ ယောဂီများကို ကားဖြင့် ကြို/ပို့ပါမည်။ ဆက်သွယ်ရန်ဖုန်း – ၀၉ ၈၆၂ ၆၉၉၈၊ ၀၉ ၂၅၄ ၄၄၉ ၂၀၇

## သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ရဟန်းခံ၊ ရှင်ပြု သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

| | | |
|---|---|---|
| ၁ | အမှတ်-၁၁၀၊ ရေဟာရှည်လမ်းဟောင်း၊ ပဟန်းမြို့နယ်။ | ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၆ |
| ၂ | အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ပဟန်းမြို့နယ်။ | ၀၁-၅၄၃၂၀၂၊ ၀၁-၅၄၃၂၀၆ |
| ၃ | အမှတ်-၂၃/ဘီ၊ ရေဟာရှည်လမ်းဟောင်း၊ ပဟန်းမြို့နယ်။ | ၀၁-၃၈၀၅၇၃ |
| ၄ | အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ | ၀၉-၇၃၀၁၆၀၃၂ |
| ၅ | အမှတ်-၉၆၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ | ၀၉-၇၃၀၅၇၇၆၆ |
| ၆ | အမှတ်-၁၂၅၊ သံဈေးရှေ့၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ | ၀၁-၂၂၅၅၀၆ |
| ၇ | အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ | ၀၉-၇၃၀၀၅၉၂၆ |
| ၈ | အမှတ်-၅၁(ဘီ)၊ ရေဟာရှည်လမ်းသစ်၊ ပဟန်းမြို့နယ်။ | ၀၉-၈၆၀၃၀၀၅ |
| ၉ | တိုက်-A ၊ အခန်း-၁၊ ပူဖေးအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ | ၀၁-၆၄၃၂၂၂ |
| ၁၀ | ၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ ဝိဇ္ဇိုးပြိုင်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ | ၀၉-၇၃၀၆၅၂၃၇ |
| ၁၁ | အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ | ၀၉-၇၃၀၀၅၇၉၃ |
| ၁၂ | ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ | ၀၆၇-၂၂၅၉၇ |
| ၁၃ | အမှတ် (၁၆၉)၊ မင်းဘကြီးလမ်း၊ ဘောက်သီးရပ်ကွက်၊ စစ်တွေမြို့။ | ၀၄၃-၂၀၄၁၂ |
| ၁၄ | အမှတ် (၇၆)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။ | ၀၉-၂၆၀၄၄၆၈၇၃ |
| ၁၅ | ၂/၈၁၃၊နေပြည်တော်လမ်းမကြီး(ယောင်ပျဉ်းမနား-တောင်ညိုလမ်း)၊ဆင်ရတနာအနီး၊ယောက်သွားအင်းရပ်၊နေပြည်တော်-ပျဉ်းမနားမြို့။ | ၀၆၇-၂၃၇၇၃ |

သမ္မတဆိုင်များအားလုံးတွင်ပဌည်းမှန်၊ဈေးနှုန်းမှန်ပြင့်ဈေးနှုန်းများလက်လီ/လက်ကားဝယ်ယူရရှိနိုင်ပါသည်




# MYANMAR BOOK CENTRE
(Supplying the World's Knowledge)

## BOOK-BUFFET & CLEARANCE SALE!!

